ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ပဝဂ်(ဓမ္မပဒ–၅၄)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 21 October 2026 ၁၂၃၈

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ နိပ္ပန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က လာရောက်ဂါရဝပြုတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိပ္ပန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိပ္ပန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ကမ္ဘာလုံးဆိုင်ရာ အစီအမံကြီး (၄)ရပ်သည် တရုတ် - မြန်မာ ချစ်ကြည်ရင်းနှီးစွာ ဖလှယ် ဆက်ဆံမှု၏ ခေတ်သစ်တေးသွားကို သီကျူး ဖော်ဆောင်လျက်ရှိ

ဆောင်းပါး စာမျက်နှာ » ၆

ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှုဖြင့် စားအုန်းဆီ လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပမှ တင်သွင်းမှု လျော့ချနိုင်ရေး ဆီအုန်းမျိုးသစ်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၇

သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေပေးဝေလျက်ရှိ

မကွေး အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)က ဆောင်ရွက်လျက်ရှိသော သဖန်းဆိပ်ကျေးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ည နေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၈လ



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့သုံးယာဉ်များအတွက် ဓာတ်ငွေ့လုံလောက်စွာ ဖြန့်ဖြူးပေး



နေပြည်တော် အောက်တိုဘာ ၂၀

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေစေရန်အတွက် "က" ကုန်စည်ယာဉ် ၁၂၇၅ စီး၊ "ခ" ခရီးသည်တင်ယာဉ် YBS ၅၅၁၆ စီးနှင့် အခြားယာဉ် ၆၄၂ စီး၊ "ဂ" စင်းလုံးငှား / Taxi ၁၇၉၉၁ စီး၊ "ဃ" ကြိုပို့ယာဉ်၁၈၄စီး၊ "င" ကိုယ်ပိုင်စီးပွားသုံးယာဉ် ၁၁၅၉ စီး ဌာနဆိုင်ရာယာဉ် ၁၉၀၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

မုံရွာစက်မှုဇုန်ရှိ ရွှေကုံကော်ဝါကြိတ်စက်ရုံမှ တစ်ရက်လျှင် ကုန်ချောပိဿာ ၄၅၀ ထုတ်လုပ်ပေးလျက်ရှိ

မုံရွာ အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစက်မှုဇုန်အတွင်းရှိ ဝါကြိတ်စက်ရုံလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်မီသည့် အဆင့်မြှင့် ကုန်ချောပစ္စည်းများဖြင့် အဝတ်အထည်များထုတ်လုပ်ကာ ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါစိုက်တောင်သူများ စီးပွားရေးအဆင်ပြေကာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းများ ရရှိစေရေးတို့အတွက် မုံရွာစက်မှုဇုန်ရှိ ရွှေကုံကော်ဝါကြိတ်စက်ရုံမှ တစ်ရက်လျှင် ကုန်ချောပိဿာ ၄၅၀ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ✪



ပွင့်လင်းမြင်သာစွာထိတွေ့ဆက်ဆံ အကျိုးရလဒ်ကောင်းများဆောင်ကြဉ်း

စိတ်ကူး၊ အတွေးအခေါ်၊ အယူအဆ၊ ဝါဒသဘောတရားအချင်းချင်း ကွဲပြားမှုများကား အမှန်ရှိနေပေမည်။ သို့သော်လည်း ဂိုဏ်းဂဏ၊ အယူအဆကွဲပြားမှုများကို စစ်တလင်းအဖြစ် အသုံးချခြင်းသည်ကား လုံးဝလိုလားအပ်သောအရာမဟုတ်ပေ။ အခြားသူတို့၏ အယူအဆကိုနားလည်အောင် ကြိုးစားကြလျက် ဝါဒကွဲလွဲခြင်းအတွက် သည်းခံခွင့်လွှတ်နိုင်သောစိတ်ဓာတ်မျိုးကို များများကြီး မွေးမြူသင့်ကြသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမြင်မတူ သဘောကွဲလွဲမှုများကို ပွင့်လင်းမြင်သာစွာ ထဲထဲဝင်ဝင် ထိတွေ့ဆက်ဆံပြီး ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းဖြင့် အကျိုးရလဒ်ကောင်းများကို ရရှိနိုင်ပေသည်။

မြန်မာနိုင်ငံတွင် လိပ်ခဲတည်းလည်းဖြစ်နေသော ငြိမ်းချမ်းရေးပြဿနာကို ကာလရှည်ကြာအဖြေရှာခဲ့ကြသော်လည်း ပြီးပြည့်စုံသော အခြေအနေတစ်ခုသို့ ရောက်မလာသေးပေ။ သို့သော် မပြေလည်သေးသောပြဿနာကို အထပ်ထပ်အခါခါ နည်းလမ်းအမျိုးမျိုး အဖြေရှာခြင်းဖြင့် အရွေ့တစ်ခုသို့ ရောက်လာခဲ့သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်အကောင်အထည်ဖော်နေသောအဖွဲ့အစည်းသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မည့်နိုင်ငံရေးကော်မတီဖြစ်သည်။

ကော်မတီသည် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးမှုများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် နှစ်ဖက်အဖွဲ့အစည်းများ၏ အဓိကလိုလားချက်ဖြစ်သည်။ ဆွေးနွေးမှုများအနက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်၊ ဖြည့်စွက်ရန် အချက် ၄၃ ချက်ကို သဘောတူနိုင်ခဲ့သည်။ အဆိုပါသဘောတူညီချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးသွားနိုင်ရန်အတွက် နိုင်ငံတော်သမ္မတက ပေးပို့ထားပြီးဖြစ်သည်။ လူ့အဖွဲ့အစည်းများအတွင်း ကွဲပြားစေသည့်အကြောင်းရင်းများကို သုတေသနပြုဖော်ထုတ်၍ နိုင်ငံရေးပါတီများ၏ကွန်ရက်ကို အသုံးပြုကာ လူထုစုစည်းရေး၊ ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတွင် ပိုမိုပါဝင်လာအောင် ဆောင်ရွက်ကြရန်လိုသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံကွဲပြားနေသော တိုင်းရင်းသားပြည်သူများကို နိုင်ငံရေးပါတီများက ပေါင်းစည်းပေးနိုင်ငြီး လူမှုသဟဇာတဖြစ်ရေးကို ဆောင်ရွက်သွားရန်လိုသည်။ လက်ရှိတွင် နိုင်ငံရေးပါတီများအပါအဝင် ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်ကြသောသူများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာကြရသော ပြည်သူများအား ကူညီဆောင်ရွက်ပေးနိုင်ရေးလှူဒါရှားမှုများကို သီးခြားဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။ နေရပ်ပြန်မည့် နေရပ်စွန့်ခွာပြည်သူများအတွက် ရေရှည်အသက်မွေးဝမ်းကျောင်းဆိုင်ရာ မူဝါဒများ ဆွေးနွေးနိုင်ရန် အစိုးရ၏ လုပ်ဆောင်ချက်များတွင် ပေါင်းစပ်အကူအညီပေးနိုင်သည်။

လက်ရှိတွင် ကယား၊ ချင်း၊ ပအိုဝ်းဒေသများရှိ ပြည်သူများ နေရပ်ပြန်ရေး၊ လုံခြုံရေး၊ စားဝတ်နေရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်သည်။ နိုင်ငံရေးပါတီများသည် ပြည်သူများအား ကိုယ်စားပြုသည့် အဖွဲ့အစည်းများဖြစ်၍ ဒေသခံပြည်သူများအကျိုးကို ထဲထဲဝင်ဝင် ဆောင်ရွက်ပေးနိုင်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်ဖျက်မီဒီယာများကိုအသုံးချ၍ အစိုးရနှင့် ပြည်သူ၊ တပ်မတော်နှင့် ပြည်သူ၊ ပြည်သူနှင့် ပြည်သူအကြား သဘောထားအမြင်ကွဲပြားအောင် ဆောင်ရွက်နေမှုများကိုလည်း သတိပြုဖို့လိုသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ကုန်စည်စီးဆင်းမှုကောင်းမွန်ရေးတို့အတွက် ပြည်သူများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြမှုများကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆွေးနွေးနိုင်ရန် နိုင်ငံရေးပါတီအစုအဖွဲ့ကို စုဖွဲ့မှုပုံစံသစ်ဖြင့် ဖွဲ့စည်းပေးထားသဖြင့် တွေ့ဆုံဆွေးနွေးမှုများမှာ ပိုမိုအားကောင်းလာသည်ကို တွေ့ရသည်။ နိုင်ငံရေးပါတီများက မိမိတို့ဒေသများအတွင်းရှိ ပြည်သူလူထုအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်သည်။ ပဋိပက္ခဒဏ်များ ခံစားနေကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လိုလားချက်များ၊ တောင်းဆိုမှုများကို သိရှိအောင် ဆောင်ရွက်ပြီး လိုအပ်ချက်များကို အကူအညီပေးနိုင်ရေး ဆောင်ရွက်ကြမည်ဖြစ်သည်။ နိုင်ငံရေးပါတီအစုအဖွဲ့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ အားလုံးပါဝင်နိုင်ရေးအတွက် ကြားဝင်စေ့စပ်ဆောင်ရွက်ရာတွင် ပဋိပက္ခဖြစ်ပွားရာဒေသများတည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထု လူမှုစီးပွားဘဝလိုအပ်ချက်များကို သဘောထားစစ်တမ်းကောက်ယူပြီး အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ ပွင့်လင်းမြင်သာစွာ ထိတွေ့ဆက်ဆံခြင်းဖြင့် အကျိုးရလဒ်ကောင်းများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

သီတင်းကျွတ်အကြို ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများ ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများ ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းပေါ်ရှိ ယာယီအရောင်းဆိုင်နှင့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း ရန်ကင်းဈေးမှတ်တိုင်အနီးရှိ ယာယီအရောင်းဆိုင်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရောင်းချပေးလျက်ရှိသည်။

မြေပဲဆီတစ်ပိသာကို ဘူးခွံပါပြီး ငွေကျပ် ၂၈၀၀၀ ဖြင့် ရောင်းချပေးသည်။ အရောင်းဆိုင်တွင် ဧရာဝတီဘဏ်ဝန်ထမ်းများက AYA Pay Account များဖွင့်လှစ်ပေးကာ ထို Account ဖြင့် အနည်းဆုံး ငွေကျပ်ငါးသောင်းဖိုးဝယ်ယူပါက ၁၀ ရာခိုင်နှုန်း (ကျပ်ငါးထောင်) သက်သာခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါဆီကောင်းဆီသန့်များကို စားသုံးလိုသည့် ရန်ကုန်မြို့နေပြည်သူများအတွက် အသင့်ထည့်သွင်းထုပ်ပိုးထားသည့် ဆီများအား မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၀င် FDA အသိအမှတ်ပြု စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရန်ကုန်တိုင်းဒေသကြီးတို့ရှိ ဆီစက်များမှ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

(၂၀-၁၀- ၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၇ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆၀
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၆,၆၆၈,၀၀၈.၅၆	၅,၀၈၀,၁၀၀.၇၂	၁၁,၀၁၂,၀၈၅.၁၄	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၀ - ၁၀ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၁၉,၅၀၀	၁၉,၀၀၀	၃၀၆	၅,၇၇၂,၀၀၀
MTSH	၈,၅၀၀	၈,၆၀၀	၃,၂၄၄	၂၇,၉၁၇,၁၀၀
MCB	၁၅,၀၀၀	၁၃,၀၀၀	၁၂၀	၁,၇၆၀,၀၀၀
FPB	၆,၉၀၀	၆,၉၀၀	၆၈	၄၆၉,၂၀၀
TMH	၃,၂၀၀	၃,၂၀၀	၂၆၉	၈၆၀,၈၀၀
EFR	၁,၆၅၀	၁,၇၀၀	၈,၃၅၃	၁၃,၇၈၂,၅၅၀
AMATA	၄,၀၀၀	၄,၀၀၀	၀	၀
MAEX	၆,၄၀၀	၆,၄၀၀	၁,၅၅၆	၉,၉၅၈,၄၀၀
MADPL(PLB)	၆,၂၀၀	၆,၃၀၀	၄၀၀	၂,၅၀၀,၀၀၀
ASPGB(PLB)	၅,၅၀၀	၅,၅၀၀	၁၂,၆၆၄	၇၁,၃၀၂,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မိုမိုအောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖိုးမှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုပွန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီကြိုးပမ်း ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ လူ့ဘွဲ့မဲအား အရင်းအမြစ်များ မြှင့်တင်ရေးအတွက် နိုပွန်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့

National Historical and Cultural Museum-Reserve “Nesvizh” သို့ သွားရောက်လေ့လာ



မင့်စ် အောက်တိုဘာ ၂၀

ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံမှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ အောက်တိုဘာ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား လေဆိပ်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Igor Brylevich၊အမျိုးသားလွှတ်တော် နိုင်ငံတကာရေးရာနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr.Sergei ALEINK နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံရဲသံအမတ်ကြီး ဦးမောင်မောင်စိုးတို့က ကြိုဆိုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ညက်စဘစ်ရ် (Nesvizh) မြို့ရှိ National Historical and Cultural Museum–Reserve “Nesvizh” ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

အဆိုပါ ပြတိုက်သည် ၂၀၀၅ ခုနှစ်တွင် ယူနက်စကို (UNESCO) ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီး ပြတိုက်အတွင်း၌ ပြခန်းပေါင်း ၁၅ ခန်း၊ အမွေနှစ်ပစ္စည်း ၂၄၀၀၀ ကျော်ရှိကြောင်း သိရသည်။

ထို့ပြင် ပြတိုက် ပရိဝုဏ်တွင် Nesvizh မြို့တော်ခန်းမ၊ သမိုင်းဝင် Slutsk ဂိတ်တံခါး၊ သမိုင်းဝင်ပန်းခြံငါးခု (Castle Park, Old Park, Japanese Park, English Park နှင့် Marysin–New Park) တည်ရှိပြီး ၈က ၁၆၀ ကျော် ကျယ်ဝန်းကြောင်း သိရသည်။

သတင်းစဉ်

မြန်အောင်မြို့နယ် တောင်သူများအား မျိုးမြေပဲနှင့် သွင်းအားစုများ ပေးအပ်

မြန်အောင် အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီးမြန်အောင်မြို့နယ်သမဝါယမအသင်းသား (ဆောင်းမြေပဲ)စိုက်တောင်သူများအား မျိုးမြေပဲနှင့် သွင်းအားစုများ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက မြန်အောင်မြို့နယ်ကုန်းတလုံးကျေးရွာ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဒေါ်ယမင်းသူက ကဖွန်းခုံအုပ်စု အောင်မင်္ဂလာနှင့် ရှားတောကျေးရွာအုပ်စု အောင်မြင်သူ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းတို့မှ ဆီထွက်သီးနှံဆောင်းမြေပဲစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုများပေးအပ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းသားမြေပဲစိုက်တောင်သူ ၅၂ ဦး၏ ၁၅၆ ဧက အတွက် (အဌမအကြိမ်) တိုင်းဒေသကြီးဘတ်ဂျက် ရန်ပုံငွေကျပ်သိန်း ၇၈၀ ဖြင့် တစ်ဧကလျှင် ကျပ် သုံးသိန်းနှုန်းနှင့်ညီမျှသော အထွက်တိုးမျိုး(ဆောင်းမြေပဲ) နှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)



◎ မုံရွာစက်မှုဇုန်မှ

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အဆိုပါစက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်း ဝါလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု၊ ကုန်ကြမ်းရရှိမှုနှင့် ဝါသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝါကုန်ချော ပစ္စည်းများ စနစ်တကျသန့်စင်ထုတ်လုပ်ကာ အရည်အသွေးပြည့်မီသည့် ဝါကုန်ချောများထုတ်လုပ်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ မုံရွာစက်မှုဇုန်ရှိ ဦးဆွေတင့်၏ ဝါကြိတ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံက စက်ရုံအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ကုန်ကြမ်းသိုလှောင်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝါကုန်ချောများ စွေးကွက်အတွင်း စွေးကောင်းရရှိရေး၊ လျှပ်စစ်မီးပြည့်မီစွာရရှိရေးနှင့် ဝါကုန်ကြမ်းများ အရည်အသွေးကောင်းမွန်စေရေး အတွက် ဝါစိုက်တောင်သူများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား ကြိုတင်စီမံဆောင်ရွက်ထားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၈ ဦးက မေးမြန်းသည့် ကြယ်ပွင့် ၂၄ မေးခွန်း ၈ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းနှင့် ဘဏ္ဍာရေး၊ စီမံကိန်း၊ စီးပွားရေးဆိုင်ရာကော်မတီ ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြား လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ရပ်နားကြောင်း ကြေညာခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ပြည်ထောင်စု နယ်မြေနေပြည်တော် ဇေယျာသီရိ မြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များအား စက်တင်ဘာ ၁၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းများ လေ့ကျင့်ဆောင်ရွက်စဉ်။

ထွန်းလင်း(ဇေယျာမြေ)



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်နိုင်ထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၀ ရက်တွင် မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှု၊ မီးသတ်ဆေးဘူးများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေး စသည့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စစ်ဆေးစဉ်။

မျိုးလှိုင်(တွံတေး)



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၇ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ဒု၏အတာတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ငှက်ပျောတောကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၁၅၇ ဦး ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ယိုယွင်းပျက်စီးနေသော ကျောင်းဆောင် ဟောင်းနေရာတွင် ကျောင်းဆောင်သစ်တစ်ဆောင်ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဖြည့်ဆည်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တည်ဆောက် ရေးလုပ်ငန်းရှုစံခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၂၇ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငှက်ပျောတောကွင်း အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၁၅၇ ဦးရှိပြီး စာသင်ဆောင်များအနေဖြင့် စုစုပေါင်းစာသင်ကျောင်းဆောင် နှစ်ဆောင်ရှိပြီး စာသင်ခန်း ခြောက်ခန်းဖြင့် သင်ကြားမှုသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၁၁၀ x ၂၆)ပေ အုတ်ညှာတစ်ထပ်ကျောင်းဆောင်သည် ပျက်စီးမှုရှိနေသော်လည်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်၍ရနေသည့်အတွက် အကြီးစားပြန်လည်ပြင်ဆင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကျောင်းဆောင်အပြင်တွင် ကျောင်းဆောင် (၁၈၁၂)ပေ သွပ်မိုးထရံကာဖြင့် သင်ကြားနေရသည့် အတွက်ကြောင့် ကျောင်းသားအင်အားအရ လိုအပ်နေသည့် ပေ(၆၀x၃၀) RC တစ်ထပ် တိုးချဲ့ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရရှိမှုအပေါ်မှာ တိုင်းဒေသကြီး တန်းစီဖယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) ခွန်ထိုင်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ပင်လောင်းမြို့နယ် ပင်လောင်းမြို့ အနောက်ရပ်ကွက် ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအား ပေ(၁၄၀x၃၀) RCC (၂)ထပ်ကျောင်းဆောင်သစ် (၁)ဆောင်အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေး ခွင့်ပြုရန်ပုံငွေ ၃၉ ဒသမ ၀၇ သန်းဖြင့် လုပ်ငန်းပေါင်း ၁၅၉ ခုကို လက်ရှိဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပင်လောင်းမြို့အတွက် မန္တလေးလေယာဉ်ကြောင့် ပျက်စီးသွားသည့် ကျောင်းဆောင်အစား အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းနှစ်ခုအပါအဝင် လုပ်ငန်းပေါင်း ၁၃ ခု အတွက် ခွင့်ပြုငွေကျပ် ၃၂၉၇ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ မြေဧရိယာသည် ၁ ဒသမ ၅၀ ဧက ကျယ်ဝန်းပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းဆင့် ကျောင်းသား ၅၂၀၊ အလယ်တန်းဆင့်



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပစဉ်။

ကျောင်းသား ၇၈၃ ဦး၊ အထက်တန်းဆင့်ကျောင်းသား ပေါင်း ၂၉၂ ဦး စုစုပေါင်း ကျောင်းသားပေါင်း ၁၅၉၅ ဦးရှိပါကြောင်း၊ အဆိုပါကျောင်းတွင် ကျောင်းဆောင် ခုနှစ်ဆောင်၊ စာသင်ခန်း ၃၀ နှင့် သင်ကြားသင်ယူမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တန်းခွဲဦးရေအရ လိုအပ်နေသည့် စာသင်ခန်းရှစ်ခန်းစာ ပေ(၁၄၀x၃၀) RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်မိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရရှိမှုအပေါ် ပြည်နယ်၏ တန်းစီဖယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်း၏ **နိုင်ငံဝန်ထမ်းဥပဒေ၊ အငြိမ်းစားယူခြင်းဥပဒေမှ ဝန်ထမ်းနှစ်ပြည့်ပင်စင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများဖြစ်သော ပညာရေးဝန်ထမ်းများသည် အသက်(၅၅)နှစ်ပြည့်ပြီး ဝန်ထမ်းလုပ်သက် (၃၀)နှစ်ပြည့်သော်လည်း တင်ပြလျှောက်ထားခွင့်မပြုဖြစ်နေပါသောကြောင့် ဝန်ထမ်းသည် အငြိမ်းစားယူရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရမှ လျှောက်ထားခွင့် ပြု/မပြု နှင့် ခံစားခွင့် ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ်ကို ထိန်းသိမ်းရန်၊ လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့အရ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆက်လက်အထောက်အကူပြုစေရန်၊ လုပ်ငန်းကျွမ်းကျင်သည့် လုပ်သက်ရင့်နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံတော်က ဆက်လက်ချီးမြှောက်ရန်အလို့ငှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၆၊ ပုဒ်မခွဲ (က)တွင် အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၂ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါကြောင်း။

အဆိုပါပြင်ဆင်ချက်တွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၀ ကို ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်နေ့ရက် သတ်မှတ်ချက်သည် ယင်းဝန်ထမ်းအသက် ၆၂ နှစ်ပြည့်သည့်နေ့ရက်ဖြစ်သည်ဟူ၍ လည်းကောင်း၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က)ကို တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ် သည့် ကိစ္စမှတစ်ပါး အသက် ၆၂ နှစ်ပြည့်သောအခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင်ခံစားခွင့် ရှိသည်ဟူ၍ လည်းကောင်း ဖော်ပြပါရှိပါကြောင်း။

သို့သော် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှကြိုးစားနေသည့်ကာလတွင် ပညာရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်အတွက် လူစွမ်းအား အရင်းအမြစ်များမွေးထုတ်ပေးရန် လိုအပ်နေသည့် အတွက်ကြောင့်လည်းကောင်း၊ အခြေအနေအရပ်ရပ် ကြောင့် ဝန်ထမ်းပြန်လုံးကျွတ်မှုများရှိနေသည့်အတွက် ကြောင့်လည်းကောင်း၊ သင်ကြားသင်ယူမှုလုပ်ငန်း များနှင့် ရုံးလုပ်ငန်းများ အရှိန်ဟုန်မပျက် ဟန်ချက် ညီညီ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ ဝန်ထမ်းအင်အားနည်းပါးနေခြင်း ထပ်မံဖြည့်တင်းရန် လိုအပ်နေခြင်းတို့ကြောင့် လည်းကောင်း၊ နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ် လူငယ်များ ပညာသင်ယူမှုရပ်တန့်မသွားစေရန် အတွက်လည်းကောင်း ဝန်ထမ်းလိုအပ်ချက်ကို အစွမ်းကုန်ဖြည့်ဆည်းကြိုးပမ်းဆောင်ရွက်နေရသည့် ကာလဖြစ်နေသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (ခ) ပါ အသက် ၅၅ နှစ်ပြည့်ပြီးသော ဝန်ထမ်းသည် လုပ်သက် ၃၀ နှစ်ပြည့်ပါက နှစ်ပြည့် ပင်စင်ခံစားခွင့်ရှိသည်ဟုဖော်ပြချက်ပါ နှစ်ပြည့်ပင်စင် နှင့် နည်းဥပဒေခွဲ (ဆ)ပါ လျှော့ပေါ့ပင်စင် ခံစားခွင့် များကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှစ၍ ယာယီ ရပ်ဆိုင်းထားရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးတင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ပလောက်မြို့ အခြေခံပညာအထက်တန်းကျောင်း တွင် ကျောင်းသားဦးရေ များပြားလာသောကြောင့် စာသင်ခန်းမလုံလောက်သည့်အပြင် လက်ရှိသင်ကြား နေသည့် စာသင်ဆောင်များမှာလည်း ပျက်စီးယိုယွင်း နေပါသဖြင့် ပေ(၁၄၀ x ၃၀) RC (၃)ထပ်ကျောင်း ဆောင်သစ်တစ်ဆောင်ကို လာမည့်ဘဏ္ဍာရေးနှစ် တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်း နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အခြေခံ ပညာအထက်တန်းကျောင်းတွင် မူလတန်းဆင့် ကျောင်းသား ၅၂၄ ဦး၊ အလယ်တန်းဆင့် ကျောင်းသား ၅၄၁ ဦး၊ အထက်တန်းဆင့် ၂၃၇ ဦး စုစုပေါင်း ၁၃၀၂ ဦးရှိပြီး စာသင်ကျောင်းဆောင်ငါးဆောင်နှင့် စာသင် ခန်း ၂၄ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် တနင်္သာရီ တိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်အခြေခံ ပညာအထက်တန်းကျောင်းတွင် ပျက်စီးနေသည့် ကျောင်းဆောင်တချို့ကို ပြန်လည်ပြုပြင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျောင်းသားနှင့် အတန်းခွဲဦးရေအရ ထပ်မံလိုအပ်နေသည့် စာသင်ခန်း ၈ ခန်းစာ ပေ (၁၄၀ x ၃၀) RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရန်အတွက် နီးစပ်ရာဘဏ္ဍာနှစ် တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရရှိမှု အပေါ် တိုင်းဒေသကြီးတန်းစီဖယားဖြင့် ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် မြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလို ခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၆–၂၀၂၇ ငွေလုံးငွေရင်းတည်ဆောက်ရေး ခွင့်ပြု ရန်ပုံငွေကျပ် ၁၁ ဒသမ ၅၉ ဘီလီယံဖြင့် လုပ်ငန်း ပေါင်း ၅၄ ခုကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ပညာရေးမှူးရုံး ၏မြေသည် သုည ဒသမ ၀၆၈ ဧက ကျယ်ဝန်းပါ ကြောင်း၊ တမူးမြို့နယ် ပညာရေးမှူးရုံးတွင်ရှိသည့် ပေ(၉၀x၃၀) သွပ်မိုးအုတ်ညှပ် တစ်ထပ်အဆောက် အအုံသည် ၂၀၂၄ ခုနှစ် ဇွန် ၃ ရက်တွင် မိုးရွှိ ဖျက်ဆီးခြင်း ခံရသည့်အတွက် တမူးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း တပင်ရွှေထီးအဆောင်၏ အပေါ် ထပ်တွင် ရုံးလုပ်ငန်းများ ဆောင်ရွက်နေရပါကြောင်း။

ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ပညာရေးမှူးရုံးတွင် ပေ(၁၀၀ x၃၀)RC နှစ်ထပ်အသစ် ဆောက်လုပ်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ် တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရရှိမှု အပေါ် တိုင်းဒေသကြီး ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးဗိုလ်သိန်းနိုင်၏ **၂၀၂၆ – ၂၀၂၇ ပညာသင်နှစ်မှ စတင်ဝင်ရောက် လာသော KG တန်း ကျောင်းသားများမှ အစပြု၍ မူလတန်းပညာရေးမှာ နိုင်ငံချစ်စိတ်ရှိလာရေး၊ လောကနီတိများအား သိရှိနားလည်လာရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိလာရေးတို့ကိုဖြစ်ပေါ်စေမည့် ပညာရေး အထူးစီမံချက်(အထူးစီမံချက်)များ ရည်မှန်းဆောင် ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ယဉ်ကျေး သိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိ လာရေးတို့ကိုဖြစ်ပေါ်စေမည့် စာရိတ္တပိုင်းဆိုင်ရာ ကျင့်ဝတ်နှင့် ပြည်သူနှိပ်တိသဘောတရားများ ထည့်သွင်းရေးဆွဲထားသည့် စာရိတ္တနှင့် ပြည်သူနှိတိ ဘာသာရပ်ကို Grade–1 မှ Grade–11 အထိ ရေးဆွဲ ပြဋ္ဌာန်း သင်ကြားစေလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် Unicef Myanmar တို့ ပူးပေါင်းပြီး ကျောင်းအခြေပြု မူလတန်းကြိုကျောင်း များရှိ ကလေးများအတွက် ပုံပြင်စာအုပ်များဖြန့်ဝေ ပေးလျက်ရှိပါကြောင်း၊ မူလတန်းကြို၊ သူငယ်တန်းနှင့် မူလတန်းပညာရေးလုပ်ငန်းများ အားကောင်းလာ စေရေးအတွက်လည်း အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆– ၂၀၂၀)တွင် ထည့်သွင်း ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ပြင် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၂၁–၂၀၃၀)တွင်လည်း ဆက်လက် ထည့်သွင်းပြီး မဏ္ဍိုင်(၁) အခွင့်အလမ်းနှင့် လူထိုင်း အကျိုးဝင်မှု၊ မဏ္ဍိုင်(၂) သင်ရိုးညွှန်းတမ်း၊ မဏ္ဍိုင်(၃) ပညာသင်ကြားသင်ယူမှုနှင့် မဏ္ဍိုင်(၇) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်အဖွဲ့အစည်း များ၏ မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များ အရ သူငယ်တန်းနှင့် မူလတန်း ဆရာ ဆရာမများ အတွက် ဆရာလမ်းညွှန်များအပါအဝင် သင်ကြား သင်ယူမှု အထောက်အကူပစ္စည်းများ၊ အခြေခံ အဆောက်အအုံများ စွမ်းရည်မြှင့်တင်ရေး သင်တန်း ပေးခြင်းများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပ ရောက်ရှိနေသော ကျောင်းနေအရွယ်လွန် ကလေး လူငယ်များအတွက် ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ ကျောင်းပြင်ပမူလတန်းပညာရေးတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ များ နိုင်ငံချစ်စိတ်ရှိလာရေး၊ လောကနီတိများအား သိရှိနားလည်လာရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်လာစေရန်အတွက် ကျောင်းပြင်ပမူလတန်းပညာရေး ပြဋ္ဌာန်းသင်ရိုး ပထမဆင့်တွင် ရုပ်ပြကတ်များဖြင့်လည်းကောင်း၊ ဒုတိယဆင့်တွင် အထွေထွေဘာသာရပ် (စာရိတ္တနှင့် ပြည်သူနှိတိ) တွင်လည်းကောင်း သင်ကြားပေးလျက် ရှိပါကြောင်း။

သို့ပါ၍ KG တန်း ကျောင်းသားများမှအစပြု၍ ကျောင်းသား ကျောင်းသူများ နိုင်ငံချစ်စိတ်ရှိလာစေ ရေး၊ လောကနီတိများအား သိရှိနားလည်လာစေရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိလာစေရေးတို့အတွက် ပိုမိုရေရှည်တည်တံ့ ခိုင်မြဲပြီး ထိရောက်အောင်မြင်စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနက ဦးဆောင်ပြီး အမျိုးသားအဆင့် ရေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီကို ဖွဲ့စည်းထားရှိပြီး KG ကလေးများအား ပြုစုပျိုးထောင်ပေးလျက်ရှိပြီး ရေတိုရေရှည်စီမံကိန်း များချမှတ်ပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက် မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက် မြောက်နေ့ကို အောက်တိုဘာ ၂၂ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၀

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အနေဖြင့် ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ ကျင်းပသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း)က နိုင်ငံရေးပါတီများအနေဖြင့် ယခင်ကလည်း ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ဆက်ဆံရေးနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးဆိုင်ရာနှင့် ပတ်သက်သည့် ကိစ္စများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆိုသည်မှာ နိုင်ငံရေးကျင့်စဉ်နှင့် အာဏာခွဲဝေမှုတို့ ဖြစ်ကြောင်း၊ နှစ်ဖက်ဆွေးနွေးရာတွင် သဘောတူညီချက်များ ရရှိနိုင်သကဲ့သို့ ဆက်လက်ဆွေးနွေးရမည့် ကိစ္စများလည်းရှိလာမည် ဖြစ်ပါကြောင်း၊ ယခုလည်း ဖက်ဒရယ်ဆိုင်ရာအချက်များအား ဆွေးနွေးညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မြတ်ဦးက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာတွင် မိမိနိုင်ငံနှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ဖြစ်ရန်လိုကြောင်း၊ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဆက်ဆံရေး ကောင်းမွန်စေရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပြင်ဆင်သင့်သည့်အချက်များ ပြင်ဆင်ရန် လိုအပ်ကြောင်း၊ နိုင်မာသည့် ပြည်ထောင်စုဖွဲ့ရန် လိုအပ်သကဲ့သို့ လွတ်လပ်ပြီး တရားမျှတသည့် ပြည်ထောင်စုတိုင်းလည်း ဖြစ်ရန် လိုကြောင်း၊ ပြည်ထောင်စုအစိုးရသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့်အတွက် ခိုင်မာအားကောင်းရန်လိုအပ်ပြီး တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသည် လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်ရန် လုပ်ပိုင်ခွင့် ပြည့်ပြည့်ဝရှိရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များက ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရများအကြား ဆက်ဆံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ပါတီတွင်း ထုတ်ပြန်ချက်များ ထုတ်ပြန်ပြီး ရပ်တည် ဆွေးနွေးခဲ့ကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကိစ္စရပ်များအား အာဏာခွဲဝေမှုတွင် ဆီလျော်ရန်လိုအပ်ကြောင်း၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစိုးရ ၂ ရပ်၊ လွတ်တော် ၃ ရပ်ရှိသည့်အတွက် ဖက်ဒရယ်ပုံစံ ဖြစ်ကြောင်း၊ ဖက်ဒရယ်ကို စဉ်းစားရာတွင် အလွှာအားလုံး ပါဝင်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသည် လုပ်ငန်းတာဝန်ကို ရှင်းလင်းစွာ သတ်မှတ်ရန်လို ကြောင်း၊ ပြည်ထောင်စုအစိုးရ အနေဖြင့် နိုင်ငံတစ်ဝန်းလုံးနှင့် သက်ဆိုင်သည့် အတွက် သက်ဆိုင်ရာ မူဝါဒများ၊ အမျိုးသားအဆင့်စီမံကိန်းများ၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှုများကို ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ပထဝီအနေအထား လူဦးရေ စီးပွားရေးနှင့် လူမှုရေးလိုအပ်ချက် အပေါ် အခြေခံပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်လို ကြောင်း ဆွေးနွေးပြောကြား သည်။

ဆက်လက်၍အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း)က ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းတွင် ပြဋ္ဌာန်းပြီးဥပဒေများ၊ ပြဋ္ဌာန်းရန်ကျန်သည့် ဥပဒေများနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့မှ ဆွေးနွေးတင်ပြမှုများကို အကျဉ်းချုပ် ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာစေရေး၊ ညှိနှိုင်းရေးကော်မတီဘက်မှ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို မြှင့်တင်ပါက ထိတွေ့ဆက်ဆံနိုင်သည့် အတိုင်းအတာနှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာသတ်မှတ်ပေးရေး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့အနေဖြင့် ပါတီတစ်ခုချင်းစီ၏ သဘောထားများအား ဖော်ပြနေခြင်းထက် ပါဝင်ပတ်သက်သည့် နိုင်ငံရေးပါတီအားလုံး၏အသံကို ထင်ဟပ်နိုင်စေရေး၊ ဆွေးနွေးပွဲအဆင့်တွင် ရပ်တန့်မနေဘဲ မည်သို့ချိတ်ဆက်ဆောင်ရွက်နိုင်မည် ဆိုသည့် နည်းလမ်းများ ဖော်ထုတ်နိုင်ရေး တို့အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးမှုများနှင့် ပတ်သက်၍ မှတ်တမ်းတင်ပြီး ရရှိသောသဘောထား စုစည်းချက်များကို မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မြတ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိုဂုံးချုပ်အမှာ စကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❐ သဖန်းဆိပ်မှ

ထိုသို့ စိုက်ပျိုးရေးပေးဝေနေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သဖန်းဆိပ်လျုပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ သဖန်းဆိပ် လျုပ်စစ်မြစ်ရေတင်စီမံကိန်း ရေသောက်ဧရိယာအတွင်းရှိ စိုက်ပျိုးထားသည့် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိမိတို့ဒေသအတွင်း သီးနှံများစိုက်ပျိုးရာတွင် တစ်နှစ်သီးနှံသုံးသီး စိုက်ပျိုးနိုင်အောင် ကြိုးစားဆောင်ရွက်ကြစေလို



ကြောင်း၊ သီးနှံစိုက်ပျိုးရာတွင် ဒေသတွင်း လိုအပ်သော မျိုးကောင်းမျိုးသန့်များကို စနစ်တကျ ရွေးချယ်သုံးစွဲပြီး စိုက်ပျိုးကြစေလိုကြောင်း ပြောကြားကာ ဒေသခံတောင်သူများ၏ လိုအပ်ချက်များနှင့် ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့ပြင် သဖန်းဆိပ်ရေလှောင်ကန် ရေတင်အဆင့်(၂)၊ ပင်မမြောင်းပေတိုင် ၅၀၀၀ အနီးရှိ ကန်ကြီးကန်အား အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များ အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပုတီးကုန်းကျေးရွာရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးလုံလောက်စွာရရှိရေးနှင့် ရာသီသီးနှံများစိုက်ပျိုးထားရှိမှု အခြေအနေများကို အသေးစိတ်မေးမြန်း၍ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မကွေးမြို့နယ်သည် ပူပြင်းခြောက်သွေ့ပြီး အလယ်ပိုင်းမိုးနည်းရေရှားဒေသတွင်ပါဝင်ကာ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၂၉ လက်မခန့်သာရရှိသဖြင့် ယခင်က သဘာဝမိုးရေကိုသာ အဓိကမှီခိုအားထား၍ တစ်နှစ်လျှင် နှစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ သဖန်းဆိပ် လျုပ်စစ်မြစ်ရေတင်စီမံကိန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် သဖန်းဆိပ် ဒေသရှိ စိုက်ပျိုးမြေ ဧက ၄၅၀၀ ကို ရေသွင်းစိုက်ပျိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

❍ လျုပ်စစ်မှ

စုစုပေါင်း ၂၆၉၅၇ စီးကို မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ယာဉ်များအဖြစ် မှတ်ပုံတင်ခွင့်ပြုပေးထားပြီး လိုအပ်သောဓာတ်ငွေ့များကို မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်မှ ဓာတ်ငွေ့ လုံလောက်စွာဖြန့်ဖြူးရောင်းချရန်စီမံထားရှိ၍ ထိုသို့ဖြန့်ဖြူးရာတွင် ကားအစီးရေနှင့် အကြိမ်အရေအတွက် ကန့်သတ်မှုမရှိဘဲ နေ့စဉ်နံနက် ၄ နာရီမှ ည ၁၁ နာရီအထိ ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

ခရီးသွားပြည်သူများ ယာဉ်စီးခသက်သာစွာ သွားလာနိုင်ရန်အတွက် လည်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ကို 1 Kg လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကာ လက်ရှိတွင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်သို့ နေ့စဉ် YBS ယာဉ် ၃၃၀၀ ခန့်၊ Taxi ၃၁၀၀၀ ခန့်နှင့် အခြားယာဉ် ၁၅၀၀ ခန့် စုစုပေါင်းယာဉ် ၃၆၀၀၀ ခန့်(တစ်နေ့လျှင် နှစ်ကြိမ်ဖြည့်သော ယာဉ်များအပါအဝင်) လာရောက်ဖြည့်သွင်းလျက်ရှိပြီး နေ့စဉ်သဘာဝဓာတ်ငွေ့ ၂၆ ကုဗပေသန်းခန့် လုံလောက်စွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

ကမ္ဘာလုံးဆိုင်ရာ အစီအမံကြီး (၄)ရပ်သည် တရုတ် - မြန်မာ ချစ်ကြည်ရင်းနှီးစွာ ဖလှယ်ဆက်ဆံမှု၏ ခေတ်သစ်တေးသွားကို သီကျူးဖော်ဆောင်လျက်ရှိ

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျား

ယနေ့ကမ္ဘာကြီးတွင် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များမှာ လျော့နည်းသွားခြင်းမရှိဘဲ ပိုမိုကြီးမားလာလျက်ရှိသည်။ စဉ်ဆက်မပြတ် ပေါ်ပေါက်လာနေသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည့်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းစေရန်မှာ နိုင်ငံအသီးသီးမှ ပြည်သူများ၏ အရေးကြီးသော မျှော်လင့်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ ဤနေ့ကံခံအခြေအနေတွင် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံတို့ကို အဆိုပြုခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံ၏ ဉာဏ်ပညာနှင့် အကြံဉာဏ်များကို ပံ့ပိုးပေးကာ လူသားတို့၏ အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်ရေးအတွက် အားကောင်းသော တွန်းအားကို ဖြည့်ဆည်းပေးခဲ့သည်။

၁။ ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးဆောင်ရွက်ခြင်းကိုကိုင်စွဲကာ အတူတကွသာယာဝပြောရေးအတွက် နိုင်မာသော အခြေခံအုတ်မြစ်ကို တည်ဆောက်ခြင်း

ဖွံ့ဖြိုးတိုးတက်ရေးသည် လူအဖွဲ့အစည်း၏ ထာဝရအကြောင်းအရာဖြစ်ပြီး ပြဿနာအားလုံးကို ဖြေရှင်းရန် အဓိကသော့ချက်လည်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံသည် ပြည်သူကိုဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်ရေးအယူအဆကို ဖော်ဆောင်ပြီး မည်သည့်နိုင်ငံ၊ မည်သည့်လူပုဂ္ဂိုလ်ကိုမျှ နောက်ကျမကျန်ခဲ့စေရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ကြိုးစားကာ (၂၀၃၀) ပြည့်နှစ် ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်ကို အရှိန်မြှင့် အကောင်အထည်ဖော်နိုင်ရေး တွန်းအားပေးလျက်ရှိသည်။ ဤအစီအမံသည် “အနောက်နိုင်ငံကိုဗဟိုပြုသည့် အမြင်”နှင့် “မိမိနိုင်ငံကိုသာ ဦးစားပေးသည့် အမြင်” ဟူသော ကျဉ်းမြောင်းသည့် ရှုထောင့်များကို ကျော်လွှန်ပြီး နိုင်ငံများအကြား အခွင့်အရေးတန်းတူညီမျှမှု၊ စည်းမျဉ်းစည်းကမ်း တန်းတူညီမျှမှုနှင့် အခွင့်အလမ်းတန်းတူညီမျှမှုတို့ကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကာ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီညီ၊ ညီနှိုင်းမှုနှင့် အားလုံးပါဝင်နိုင်သည့် ဖွံ့ဖြိုးတိုးတက်မှု အဆင့်သစ်တစ်ရပ်သို့ ရောက်ရှိစေရန် အထောက်အကူပြုလျက်ရှိသည်။ ဤအစီအမံကို အဆိုပြုခဲ့သည့် (၅)နှစ်တာကာလအတွင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကျော်ကို စုစည်းနိုင်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းပေါင်း ၂၀၀၀ ကျော်ကို အကောင်အထည်ဖော်ခဲ့သည်။ ၎င်းတို့အနက် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး (South–South Cooperation) ရန်ပုံငွေမူဘောင် အောက်ရှိ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံပေါင်း ၇၀ ကျော်မှ ပြည်သူ သန်း ၄၀ ကျော်ကို အကျိုးပြုခဲ့ပြီး နိုင်ငံတကာ အသိုက်အဝန်း၏ ကျယ်ပြန့်သော ချီးကျူးထောက်ခံမှုကို ရရှိခဲ့သည်။ ထို့ပြင် အဆိုပါရန်ပုံငွေသည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူနေမှုဘဝ တိုးတက်ရေးဆိုင်ရာကဏ္ဍများ၌ စီမံကိန်း(၅)ခုကို အကောင်အထည်ဖော်ရန်လည်း ပံ့ပိုးပေးခဲ့သည်။

ယခုနှစ် ဇွန်လတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးစဉ် (State Visit) သွားရောက်ခဲ့ပြီး နှစ်နိုင်ငံအနေဖြင့် ပို့ဆောင်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ ဥာဏ်ပစ္စည်းမူပိုင်ခွင့်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ကျန်းမာရေးနှင့် မီဒီယာစသည့် ကဏ္ဍများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် စာရွက်စာတမ်းများစွာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအစီအမံ၏ လမ်းညွှန်မှုအောက်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုသည် တည်ငြိမ်စွာတိုးတက်လာခဲ့ပြီး ပြည်သူလူနေမှုဘဝ ပူးပေါင်းဆောင်ရွက်မှုများလည်း ဆက်လက်တိုးချဲ့လာခဲ့သည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ငလျင်ဘေးအလွန် ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်ကို တက်ကြွစွာပံ့ပိုးကူညီလျက်ရှိသည့်အပြင် လန်ချန်း - မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေမှတစ်ဆင့် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းပေါင်း ၁၄၀ ကို အကောင်အထည်ဖော်ရန် ပံ့ပိုးပေးခဲ့သည်။ တရုတ် - မြန်မာ နှစ်နိုင်ငံအကြား လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာပြည်သူများ အနေဖြင့် လက်တွေ့သိမြင်ခံစားနိုင်သည့် အကျိုးရလဒ်များ ပိုမိုရရှိလာခဲ့သည်။

“ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသည် ဖွံ့ဖြိုးတိုးတက်ရေး၏ အရေးကြီးသော ကနဦးလိုအပ်ချက်များဖြစ်သကဲ့သို့ နိုင်ငံအသီးသီးမှ ပြည်သူများ၏ တူညီသော အခြေခံတောင်းဆိုချက်လည်း ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံသည် ဘုံလုံခြုံရေး၊ ဘက်စုံလုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုံခြုံရေးနှင့် ရေရှည်တည်တံ့သောလုံခြုံရေး ဟူသည့် လုံခြုံရေးအမြင်များကို အလေးထားဖော်ဆောင်ပြီး လုံခြုံရေးသည် ခွဲခြားခြမ်းစိတ်မရသည့် အခြေခံမူကို စွဲကိုင်ထားသည်။ ထို့ပြင် ဟန်ချက်ညီမျှမှုရှိပြီး ထိရောက်ကာ ရေရှည်တည်တံ့သော လုံခြုံရေးမူဘောင်တစ်ရပ် တည်ဆောက်နိုင်ရေးကို မြှင့်တင်လျက်ရှိသည်။ မည်သည့်နိုင်ငံမျှ ကမ္ဘာ့လုံခြုံရေးနှင့် ကင်းကွာပြီး မိမိနိုင်ငံ၏လုံခြုံရေးကို အကောင်အထည်ဖော်နိုင်မည်မဟုတ်သကဲ့သို့ အခြားနိုင်ငံများ၏ လုံခြုံမှုမရှိခြင်းအပေါ် အခြေခံထားသည့် အကြွင်းမဲ့ လုံခြုံရေးလည်း မရှိနိုင်ကြောင်း အလေးပေးဖော်ပြထားသည်။ ဤအစီအမံသည် ပထဝီနိုင်ငံရေးကို အခြေပြုသည့် လုံခြုံရေးသီအိုရီကို ပယ်ချကာ ယင်းထက်ကျော်လွန်ပြီး အနိုင်အချိုး ပြိုင်ဆိုင်မှု၊ အုပ်စုအခြေပြုနိုင်ငံရေးနှင့် အုပ်စုဖွဲ့ ထိပ်တိုက်ရင်ဆိုင်မှုဟူသော အတွေးအခေါ်ဟောင်းများ ကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

၃။ ယဉ်ကျေးမှုဖလှယ်ရေးကို မြှင့်တင်ပြီး ပြည်သူချင်း စိတ်ချင်းဆက်နွှယ်မှုအတွက် ပေါင်းကူးတံတား ဆောက်လုပ်ခြင်း

ယဉ်ကျေးမှုသည် ဆက်ဆံဖလှယ်မှုကြောင့် အရောင်အဝေးမွေးစုံလင်ပြီး အပြန်အလှန် သင်ယူလေ့လာမှုကြောင့် ကြွယ်ဝပြည့်စုံလာပါသည်။ ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှု အစီအမံသည် ကမ္ဘာ့ယဉ်ကျေးမှု၏ ကွဲပြားခြားနားသော ဝိသေသ လက္ခဏာများကို နက်ရှိုင်းစွာပေါ်လွင်စေပြီး တန်းတူညီမျှမှု၊ အပြန်အလှန်သင်ယူမှု၊ ဆွေးနွေးမှုနှင့် အားလုံးပါဝင်မှု ဟူသော ယဉ်ကျေးမှုအယူအဆကို ကိုင်စွဲကာ လူသားအားလုံး၏ ဘုံတန်ဖိုးများကို မြှင့်တင်ရန် အဆိုပြုထားပါသည်။ ဤအစီအမံသည် မိမိ၏ အမြင်ရှုထောင့်များနှင့် ပုံစံများကို အခြားသူများအား အတင်းအဓမ္မလက်ခံစေခြင်းကို ဆန့်ကျင်ပါသည်၊ သဘောတရားရေးရာ ထိပ်တိုက်ရင်ဆိုင်မှုများကို ဆန့်ကျင်ပါသည်၊ မတူညီသော ယဉ်ကျေးမှုများအကြား အမြင်သဘောထားကွဲလွဲမှုများကို ဖြေရှင်းရန်နှင့် ယဉ်ကျေးမှုကူးလူးဖလှယ်ရေးကို တိုးချဲ့ရန်အတွက် အကောင်အထည်ဖော်နိုင်သော လမ်းကြောင်းများကို ပံ့ပိုးပေးထားပါသည်။ ကုလသမဂ္ဂအထွေထွေညီလာခံမှ “International Day for Dialogue among Civilizations” ကို တရားဝင်သတ်မှတ်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုဆွေးနွေးပွဲ ဝန်ကြီးအဆင့်အစည်းအဝေးကို အိမ်ရှင်အဖြစ် ကျင်းပခဲ့ပြီး နိုင်ငံပေါင်းရာကျော်နှင့် ယဉ်ကျေးမှု၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်၊ ခရီးသွားလာရေးစသည့် နယ်ပယ်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကာ “ယဉ်ကျေးမှုပိုးလမ်းမ” စီမံကိန်းကို ဆောင်ရွက်ခဲ့ပြီး တရုတ်ကွန်မြူနစ်ပါတီနှင့် ကမ္ဘာ့နိုင်ငံရေးပါတီများ ထိပ်သီး ဆွေးနွေးပွဲကို ကျင်းပခဲ့သည့်အပြင် ကမ္ဘာလုံးဆိုင်ရာ တောင်ဘက်ခြမ်း တတိယပညာရှင်များ (Think Tank) ပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်အဖွဲ့ကို ဦးဆောင်တည်ထောင်ခဲ့ပါသည်။ အစီအမံကြီး အဆိုပြုခဲ့သည့် (၃)နှစ်တာကာလအတွင်း ကမ္ဘာအနှံ့တွင် ကြီးမားသောထောက်ခံတုံ့ပြန်မှုများကို ရရှိခဲ့ပြီး ၎င်း၏ ခေတ်ကာလဆိုင်ရာ အနက်အဓိပ္ပာယ်နှင့် လက်တွေ့ကျသော တန်ဖိုးများသည် စဉ်ဆက်မပြတ် ထင်ရှားပေါ်လွင်လျက်ရှိပါသည်။

ယခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ရုပ်ရှင်သီတင်းပတ် လှုပ်ရှားမှုသို့ တက်ရောက်ခဲ့ပြီး “Dear You” နှင့် “Once Upon a Time in the Middle East” စသည့် တရုတ်ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလက်ရာများသည် မြန်မာနိုင်ငံတွင် ရေပန်းစားခဲ့ကာ တရုတ် - မြန်မာလူငယ်များ ဆွေးနွေးပွဲ၊ မီဒီယာဖလှယ်ပွဲ၊ ယဉ်ကျေးမှုထိတွေ့ခံစားခြင်း၊ အားကစားပြိုင်ပွဲစသည့် စုံလင်လှသော လူမှုယဉ်ကျေးမှုလှုပ်ရှားမှုများသည် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးမှုကို တဖြည်းဖြည်းတိုးပွားစေခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံကို လက်တွေ့ကျင့်သုံးပြီး တရုတ် - မြန်မာလူမှုယဉ်ကျေးမှုဖလှယ်ရေးကို နက်ရှိုင်းစေခြင်းသည် နှစ်နိုင်ငံပြည်သူများ ချစ်ခင်ရင်းနှီးစွာ နားလည်မှုကို တိုးပွားစေပြီး ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုကောင်းမွန်စွာ လက်ဆင့်ကမ်းနိုင်ရန် အထောက်အကူပြုမည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ☆

ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှုဖြင့် စားအုန်းဆီလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပမှ တင်သွင်းမှုလျော့ချနိုင်ရေး ဆီအုန်းမျိုးသစ်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၀

၁၉၉၉ ခုနှစ်မှစ၍ "တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်ရမည်" ဟူသော ရည်မှန်းချက်ဖြင့် ဆီအုန်းဧက ငါးသိန်းအထိ တိုးချဲ့စိုက်ပျိုးရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၃ သောင်း ၉၆ သိန်း၊ ဆီသီးခိုင် တန်ချိန် ၆ သောင်း ၁၈ သိန်း ထွက်ရှိခဲ့ကာ ဆီအုန်းသုတေသနမျိုး ယှဉ်ပြိုင်စစ်းသပ်ကွက် စုစုပေါင်း ၂၉၉ သောင် ၄ ဧက ဆောင်ရွက်ထားရှိ၍ အပင်တစ်သျှူးမွေးမြူရေး (Tissue Culture) နည်းစနစ်ဖြင့် ဆီအုန်းမျိုးမွေးမြူရေး သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ဆီအုန်းမျိုးသစ်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော် ရုံးအမှတ်(၁၅) အထည်းအဝေးခန်းမ၌ ကျင်းပသည့် ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး ဆီအုန်းကုမ္ပဏီများနှင့် ဆွေးနွေးပွဲမှ သိရသည်။



ထိုပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်း လိုအပ်သော ဆီကြမ်းစက်ရုံနှင့် ဆီချောစက်ရုံများ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များနှင့် ပူးပေါင်းချိတ်ဆက် ဆွေးနွေးအကောင်အထည်ဖော်ခြင်း၊ လုပ်ကွက်ယင်္ကောင်သူများအကျိုးစီးပွားအတွက် ဆီကြမ်းစက်ရုံကြီးများရှိသည့် ကုမ္ပဏီကြီးများနှင့် အကျိုးတူလယ်ယာစနစ် လုပ်ဆောင်နိုင်ရေး ချိတ်ဆက်ကူညီပေးခြင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု တန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်စေရေး ဟန်ချက်ညီသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Harmonized Private Public Partnership)ဖြင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လည်း ဆောင်ရွက်ပေးရန် စီမံသွားရမည်ဖြစ်ပါကြောင်း၊ **မြိတ်ဒေသခြောက်ခြမ်းတွင် ဆီသီးခိုင်အထွက်နှုန်းနည်း၍ ဆီအုန်းပင်များ ဖျက်သိမ်းကာ မျိုးကောင်းရော်ဘာများ အစားထိုးစိုက်ပျိုးရန် စီမံသွားရေးညွှန်ကြားခဲ့ပြီးဖြစ်၍ အစီအမံများ တင်ပြရန်ဖြစ်ကြောင်း။**

ဆီအုန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆီအုန်းစိုက်ပျိုးသူ၊ ထုတ်လုပ်သူများ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်စေရန်အတွက် ထုတ်လုပ်မှုမြှင့်တင်ရေး၊ စွေးနှုန်းရရှိရေး၊ အရည်အသွေးမြှင့်တင်ရေးအတွက် လိုအပ်သောထိန်းကျောင်းမှုများ ဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီးအစိုးရ၊ ဆီအုန်းလုပ်ငန်းရှင်၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်တို့ရှိ ဆီအုန်းကုမ္ပဏီများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများက မြေယာလုပ်ကိုင်ခွင့်လျှောက်ထားရယူခဲ့မှု၊ လုပ်ကိုင်ခွင့်ရမြေပေါ်တွင် ဆီအုန်းစိုက်ပျိုးခဲ့မှု၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့သောဆီအုန်းစိုက်ခင်းများ ပြန်လည်ဖြည့်စွက်စိုက်ပျိုးမည့် အခြေအနေ၊ လက်ရှိဆီအုန်းအသီးသုံးလုပ်ငန်း ဆောင်ရွက်နိုင်မှုနှင့် ဆီသီးခိုင်ရောင်းချမှုအခြေအနေ၊ ဆီသီးခိုင်မှ ဆီကြမ်းထုတ်လုပ်နိုင်မှုအခြေအနေနှင့် ဒေသအတွင်း ဆီကြမ်းစက်ရုံတိုးချဲ့တည်ဆောက်ရန် လိုအပ်ချက်များ၊ ဆီကြမ်းမှ ဆီသန့်ထုတ်လုပ်နိုင်မှု အခြေအနေနှင့် ဒေသအတွင်း ဆီသန့်စက်ရုံတည်ဆောက်ရန် လိုအပ်ချက်၊ လက်ရှိ ဆီသီးခုးဧရိယာများ၏သက်တမ်းနှင့် စီးပွားရေး သက်တမ်းကုန်ဆုံးပါက ပြန်လည်အစားထိုး စိုက်ပျိုးမည့်အခြေအနေနှင့် စီးပွားရေးသက်တမ်း ကုန်ဆုံးပါက ဆီအုန်း အခင်းသစ် ပြန်လည်အစားထိုးစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်၊ ရယူအသုံးပြုစိုက်ပျိုးမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့က ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၆ မှ

၄။ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင် မွမ်းမံပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအတွက် ဘုံသဘောတူညီချက်များကို စုစည်းခြင်း

ကမ္ဘာလုံးဆိုင်ရာပြဿနာများကို မည်သို့ရင်ဆိုင်ဖြေရှင်းမည်၊ နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်းကို မည်သို့ထိန်းသိမ်းမည်ဆိုသည်မှာ သမိုင်းဝင်အတွေ့အကြုံနှင့် သင်ခန်းစာများအပေါ် လူသားတို့၏ နက်ရှိုင်းသော ပြန်လည်သုံးသပ်ချက်များနှင့် သာယာဝပြောသော အနာဂတ်မျှော်မှန်းချက်အတွက် မဆုတ်မနစ်သော ကြိုးပမ်းအားထုတ်မှုကို ထင်ဟပ်ပေါ်လွင်စေပါသည်။ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံသည် ကုလသမဂ္ဂဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်များနှင့် မူဝါဒများကို ထိန်းသိမ်းကာကွယ်ရန်၊ ညှိနှိုင်းခြင်း၊ ပူးတွဲတည်ဆောက်ခြင်း၊ မျှဝေခံစားခြင်း စသည့်ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအမြင်ကို လိုက်နာရန် အခြေခံအဖြစ်ထားရှိပြီး အချုပ်အခြာအာဏာ တန်းတူညီမျှရေး၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးဝါဒ (Multilateralism) ကျင့်သုံးရေး၊ ပြည်သူအားဗဟိုပြုရေးနှင့် လုပ်ဆောင်ချက်ကို ဦးတည်ရေးတို့ကို အလေးထားပါသည်။ ဤအစီအမံသည် ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) နှင့် နိုင်ငံတကာဆက်ဆံရေး ဒီမိုကရေစီအသွင်ကူးပြောင်းရေး ခေတ်ရေစီးကြောင်းနှင့် ကိုက်ညီပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးဝါဒ ကျင့်သုံးမှုအပေါ် ယုံကြည်မှုနှင့် သန္နိဋ္ဌာန်ကို မြှင့်တင်ပေးခဲ့ပါသည်။ တရုတ်နိုင်ငံသည် ကုလသမဂ္ဂ၏ ဩဇာအာဏာနှင့် အချက်အချာကျမှုကို ခိုင်ခိုင်မာမာ ကာကွယ်စောင့်ရှောက်ခဲ့ပြီး BRICS နိုင်ငံများ၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုးချဲ့ခဲ့သဖြင့် ကမ္ဘာလုံးဆိုင်ရာ တောင်ဘက်ခြမ်း၏ ကိုယ်စားပြုမှုနှင့် ပြောရေးဆိုခွင့်မှာ စဉ်ဆက်မပြတ် မြင့်မားလာခဲ့ပါသည်။ The Asian Infrastructure Investment Bank (AIIB)၊ The New Development Bank (NDB) စသည့် ဘက်ပေါင်းစုံပါဝင်သော ဘဏ္ဍာရေးအဖွဲ့အစည်းသစ်များကို တည်ထောင်ခဲ့ပြီး "Regional Comprehensive Economic Partnership (RCEP)" ကို အရည်အသွေးမြင့်စွာ အကောင်အထည်ဖော်ကာ ပွင့်လင်း၍ တံခါးဖွင့်လှစ်သော ကမ္ဘာ့စီးပွားရေး တည်ဆောက်မှုကို တွန်းအားပေးခဲ့ပါသည်။ နိုင်ငံတကာညှိနှိုင်းရေးရုံး (International Organization for Mediation-IOMed) ကို တည်ထောင်ခဲ့ပြီး ပထမဆုံး အပြည်ပြည်ဆိုင်ရာ ရေကြောင်းအငြင်းပွားမှုကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့သဖြင့် အပြည်ပြည်ဆိုင်ရာ ပဋိပက္ခများကို ငြိမ်းချမ်းထိရောက်စွာ ဖြေရှင်းနိုင်ရန် လမ်းကြောင်းသစ်ကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ကမ္ဘာ့ဒေတာအဖွဲ့အစည်း၊ ကမ္ဘာ့ဥဒေါဘအဖွဲ့ဝင်ရာထူးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ကို ဆက်တိုက်တည်ထောင်ခဲ့ပြီး ဒစ်ဂျစ်တယ်စီမံခန့်ခွဲမှုအတွက် စင်မြင့်ပလက်ဖောင်းသစ်ကို တည်ဆောက်ခဲ့ပါသည်။ အစီအမံကြီး အဆိုပြုခဲ့သည့် (၁) နှစ်တာကာလ အတွင်း နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၆၀ နီးပါး၏ ထောက်ခံမှုကို ရရှိခဲ့ပြီး နိုင်ငံပေါင်း ၆၀ ကျော်သည် "ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု၏မိတ်ဖက်အဖွဲ့အစည်း" သို့ တက်ကြွစွာပါဝင်ခဲ့ကြရာ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ သဘောထားများမှာ အဆင့်ဆင့် ဘုံသဘောတူညီချက်များဖြစ်လာခဲ့ပြီး ညီညွတ်သော လုပ်ဆောင်ချက်များသို့ အသွင်ကူးပြောင်းနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည်လည်း "ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှု၏ မိတ်ဖက်အဖွဲ့အစည်း"၊ IOMed နှင့် ကမ္ဘာ့ဥဒေါဘရည်တု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့စသည့် ယန္တရားများသို့ တက်ကြွစွာ ပါဝင်ခဲ့ပြီး စစ်မှန်သော နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေးဝါဒကို အတူတကွ ကျင့်သုံးလျက်ရှိပါသည်။ ယခုနှစ် ဆောင်းဦးရာသီတွင် တရုတ်နိုင်ငံသည် တရုတ်နိုင်ငံ Hebei ပြည်နယ် The Xiong'an New Area ၌ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုဖိုရမ်ကို ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံအသီးသီးမှ ပုဂ္ဂိုလ်များအတွက် ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးနှင့် မွမ်းမံရေး အစီအစဉ်များကို အတူတကွဆွေးနွေးရန် အရေးကြီးသော အခွင့်အလမ်းကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။

လက်တွေ့ကျသော သက်သေပြချက်များအရ ကမ္ဘာလုံးဆိုင်ရာ အစီအမံကြီး (၄) ရပ်သည် သမိုင်းဝင်ခေတ်ရေစီးကြောင်းနှင့်ကိုက်ညီပြီး နိုင်ငံတကာ အသိုင်းအဝိုင်း၏ ဘုံမျှော်လင့်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ မျှော်မှန်းချက်မှသည် လုပ်ဆောင်ချက်အထိ၊ အစီအမံမှသည် လက်တွေ့ဘဝအထိ ကျယ်ပြန့်ပြီး နက်ရှိုင်းသောသက်ရောက်မှုများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ သမိုင်းဝင်အစဉ်ပျံမှုမှတ်တိုင်သစ်တွင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံနှင့် အတူ ကမ္ဘာလုံးဆိုင်ရာ အစီအမံကြီး (၄) ရပ်ကို လက်တွေ့အကောင်အထည် ဖော်ဆောင်မှုအား အခွင့်အလမ်းအဖြစ် မှတ်ယူ၍ ဘက်ပေါင်းစုံနှင့် နယ်ပယ်အသီးသီးမှ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို နက်ရှိုင်းစေကာ ဘုံအယူအဆများကို ထိတွေ့ရရှိနိုင်သော စစ်မှန်သည့်အသီးအပွင့်များအဖြစ် အသွင်ပြောင်းလဲ၍ နှစ်နိုင်ငံ ပြည်သူတို့၏ သုခချမ်းသာကို ပိုမိုတိုးတက်စေမည် ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံရေးအရ ချုပ်ကြည့်ရင်းနှီးပြီး အပြန်အလှန်ယုံကြည်မှုရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုတွင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေခြင်း၊ လုံခြုံရေးတွင် အပြန်အလှန် ပူးပေါင်းမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုအရ အပြန်အလှန် သင်ယူလေ့လာခြင်းရှိကြသည့် တရုတ် - မြန်မာ အေးအတူ ပူအမျှ အသိုက်အဝန်းကို တည်ဆောက်သွားမည်ဖြစ်ပါသည်။

ဆောင်းပါးတွင် ဖော်ပြထားသည်များမှာ စာရေးသူ၏ အာဘော်သာ ဖြစ်ပါသည်။

ရေးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ရေး အောက်တိုဘာ ၂၀

မွန်ပြည်နယ် ရေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ဆိုင်ရာ စာရင်းကောက်ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သန်းထွဋ်အောင်က တိရစ္ဆာန်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ကောင်ရေ စာရင်းကောက်ယူခြင်း ဦးစီးဌာနမှူး လက်ထောက် ဆိုင်ရာများနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူး ဒေါက်တာ ရှင်းလင်းပြောကြားသည်။

ရေးမြို့နယ်အတွင်း ကောက်ယူရရှိသော တိရစ္ဆာန်ကောင်ရေ စာရင်းကို အခြေပြု၍ တိရစ္ဆာန် မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ ရေးဆွဲအကောင် အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၂ ဦး တက်ရောက်ပြီး စာရင်းကောက်ယူ ရေးလုပ်ငန်းကို ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိ ကွင်းဆင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်းသန်းဖြူ

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးချမ်းပြည့်ကျော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကြိုတင် ကာကွယ်ရေးပစ္စည်းများ ပြင်ဆင်ထားရှိမှုများကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက စစ်ဆေးစဉ်။ တင်ဇာလွင်(ပြန်/ဆက်)



အောက်တိုဘာ ၂၁၊ ၂၀၂၆

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အခြေခံပညာအဆင့် အာကာသပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာအဆင့် အာကာသပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်း(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြားပြီး မြန်မာ့အာကာသအေဂျင်စီမှ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်က ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် နေပြည်တော်ကောင်စီဝင်များနှင့် ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ မြန်မာ့အာကာသအေဂျင်စီမှ အမှုဆောင်အရာရှိချုပ်



က ဖြည့်စွက်ဆွေးနွေးပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်အား ဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ခုနစ်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အောင်မြင်အောင် ပိုင်းဝန်းပူးပေါင်း ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့ပြင် နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို အွန်လိုင်းစနစ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအတွင်းရေးမှူး၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများနှင့် ခုနစ်ခရိုင်မှ ခရိုင်အုပ်ချုပ်ရေးမှူးများက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဇ္ဈသီရိ)

ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားတက်ရောက်၊ ဗလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းပြီးစီးမှုများ လှည့်လည်ကြည့်ရှုစစ်ဆေး



ဗလမ်း အောက်တိုဘာ ၂၀

စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ဗလမ်းမြို့မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲကို နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာများ ဗလငါးတန်နှင့် ပြည့်စုံဖွံ့ဖြိုးသည့် ကျောင်းသား ကျောင်းသူများဖြစ်လာစေရန်၊ စာဖတ်သည့် ဝါသနာနှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပိုမိုတိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းမှ ရရှိလာသည့် အသိပညာဗဟုသုတများကို လက်တွေ့အသုံးချနိုင်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

အဆိုပါ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ်လှုပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ကော်မတီဝင်များနှင့် အတူ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် ချင်းပြည်လှုပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတို့က အမှာစကားပြောကြားပြီး အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ပထမဆုရအမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဘွဲလျန်ထန်နှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ပထမဆုရအမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဆွိုးဝွန်မန်းတို့က ကျပန်းစကားပြော တင်ဆက်ကြသည်။

ယင်းနောက် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယနေ့ နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ ဦးစီးအရာရှိ(မြို့ပြ)နေအိမ် နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာနှစ်လုံး ပြုပြင်ပြီးစီးမှုအခြေအနေနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများအား နိုင်ငံတော်မှ အကုန်အကျခံကာ ပြန်လည်ပြုပြင်ပေးပြီး ဖြစ်သည့်အတွက် အဆောက်အအုံများအား အကျိုးရှိရှိအသုံးချ ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ အခြေခံအဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်၍ကောင်းမွန်လာပြီဖြစ်သည့်နည်းတူ ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်အောင် နေထိုင်ရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က အောက်တိုဘာ ၂၀ ရက်တွင် ခေမာသီလမဲ(ဃ) ရပ်ကွက်ရှိ Denko စက်သုံးဆီအရောင်းဆိုင်၊ သုဓမ္မာလမဲ(ဃ)ရပ်ကွက်ရှိ Boc စက်သုံးဆီအရောင်းဆိုင်၊ သုဓမ္မာလမဲ (၆)ရပ်ကွက်ရှိ Moon Sun စက်သုံးဆီအရောင်းဆိုင်တို့အား မီးဘေးလုံခြုံရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်အသုံးပြုနိုင်ခြင်း ရှိ/မရှိ၊ ရေရရှိရေး ဆောင်ရွက်ထားမှုများနှင့် Fire Safety Certificate ရှိ/မရှိတို့ ကွင်းဆင်းစစ်ဆေးစဉ်။

သက်လွင်စိုး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ မြို့မဈေး မီးဘေးလုံခြုံရေးသရုပ်ပြပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၀ ရက်က ဆောင်ရွက်စဉ်။

အောင်သူ(အုတ်ဖို)

ကျောင်းကုန်းမြို့နယ်၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

ကျောင်းကုန်း အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းမှ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို အောက်တိုဘာ ၁၈ ရက်က ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းကျေးရွာ၌ ပြုလုပ်သည်။

ပြောကြား

အခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀ ဦး တက်ရောက်ပြီး သင်တန်းနည်းပြနှစ်ဦးက အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ အခြေခံသင်တန်းအဖြစ်လည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ မူမမံသင်တန်းအဖြစ်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

မန္တလေး အောက်တိုဘာ ၂၀

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး မန်းတောင်ရိပ် (၉)ထပ်ဆောင်၌ ကျင်းပသည်။



သွေးလှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက ကျန်းမာရေး ဝန်ထမ်းများမှ သွေးလှူရှင်များအား ကျန်းမာရေး စစ်ဆေးပေးနေမှုနှင့် သွေးလှူဒါန်းနေကြသည့် ဝန်ထမ်းများအား ကြည့်ရှုအားပေး၍ အာဟာရဖြည့်စွက်စာများ ပေးအပ်ပြီး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှူဒါန်းထားသော သွေးအိတ် ၈၆ အိတ်နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးအတွက် လှူဒါန်းငွေကို ပေးအပ်လှူဒါန်းကြရာ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက လက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်း Multipurpose Stadium ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၂၅)နှစ်အောက် (အမျိုးသား) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး မဟာအောင်မြေခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ မဟာအောင်မြေခရိုင်အသင်းက မိတ္ထီလာခရိုင်အသင်းကို ငါးဂိုး - သုံးဂိုးဖြင့် အနိုင်ရ ဗိုလ်ဖွဲ့ခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများက ဂိုးသမားအကောင်းဆုံးဆု၊ ပွဲစဉ် တစ်လျှောက် အကောင်းဆုံး ကစားသမားဆု၊ တတိယဆုရရှိသည့် မြင်းခြံခရိုင်အသင်းနှင့် ဒုတိယဆုရရှိသည့် မိတ္ထီလာခရိုင်အသင်းတို့အား ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ပထမဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းအား ဆုတံဆိပ်များကိုလည်း ကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဆုရရှိသည့် မဟာအောင်မြေခရိုင် အသင်းအား တံခွန်စိုက်ဆုနှင့် ဂုဏ်ပြုဆုငွေတို့ကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မော်လမြိုင်မြို့ မန္တလေးရပ်ကွက် မီးလောင်ပြင်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မော်လမြိုင် အောက်တိုဘာ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မန္တလေးရပ်ကွက် မီးလောင်ပြင်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းခွင်သို့ မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ အောင်မြတ်ကျော်စိန်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးက ရေစီးရေလာကောင်းမွန်စေရေးအတွက် လိုအပ်သည့် ရေမြောင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို အချိန်မီဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မဈေးရှေ့၌ အောက်တိုဘာ ၁၉ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှု လက်တွေ့ဓာတ်တိုက်သရုပ်ပြစဉ်။ (၂၁၄)



တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ အောက်တိုဘာ ၂၀ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက (Petro Green) စက်သုံးဆီဆိုင်ကို မီးဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် စစ်ဆေးပြီး အရောင်းဝန်ထမ်းများအား မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် ကိုင်တွယ်နည်းများကို လက်တွေ့သင်ကြားပေးစဉ်။ ပြည့်ဖြိုးပိုင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး သမဝါယမလုပ်ငန်းများ စနစ်တကျအောင်မြင်ရေး တာဝန်ရှိသူများအား ဒုတိယဝန်ကြီး ဦးသိုက်စိုး တွေ့ဆုံမှာကြား



နေပြည်တော် အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ မြို့နယ် ၂၁ မြို့နယ်မှ သမဝါယမအသင်းစုဥက္ကဋ္ဌများ၊ အသင်းအမှုဆောင်များ၊ မြို့နယ်ဦးစီးမှူးများ၊ မြို့နယ် ခုနစ်မြို့နယ်မှ စိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းသားတောင်သူများအား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက စနစ်ကျသော သမဝါယမစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြစ်စေရန်၊ မန္တလေးတိုင်းဒေသကြီးနှင့် မိတ္ထီလာခရိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် စံပြဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန်၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အဆင့်မြှင့်တင်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က စနစ်တကျနှင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင် သမဝါယမလုပ်ငန်းများဖြစ်အောင် ဆောင်ရွက်နိုင်ရေး ဖြည့်စွက်ရှင်းလင်းဆွေးနွေးရာ ဒုတိယဝန်ကြီးက တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၊ မြို့နယ် ၂၁ မြို့နယ်မှ ဦးစီးမှူးများ၊ မြို့နယ်သမဝါယမအသင်းစုများမှ အမှုဆောင်များနှင့် အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

အုတ်တွင်း အောက်တိုဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ် (မြို့ပြ) သည် တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးစီးအရာရှိ (မြို့ပြ) အရည်အသွေးစစ်ဆေးရေးအဖွဲ့များနှင့်အတူ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးအတွက် ဘုန်းလမ်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကာ ကျောက်ချောလမ်းခင်းခြင်းအား သတ်မှတ်လမ်းအကျယ် ပြည့်မီအောင် ဆောင်ရွက်ရန်၊ လမ်းခင်းကျောက်အရွယ်အစားမှန်ကန်စေရေး စနစ်တကျစစ်ဆေးဆောင်ရွက်ရန်၊ လမ်းဘေးတွင်ရေမြောင်းတူးဖော်ရန်နှင့် မြေသားပခုံးကပ်ရန် လမ်းညွှန်မှာကြားပြီး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်အချိန်ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ပြည်သူ့တာဝန်

ဆက်လက်ဝဲ (MDevS)

လူ့အဖွဲ့အစည်းတစ်ခု၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဒီမိုကရေစီစံနှုန်းများကို တိုင်းတာရာတွင် ထိုလူ့အဖွဲ့အစည်းအတွင်းရှိ ထိခိုက်လွယ်သော အုပ်စုများနှင့် မသန်စွမ်းသူများအပေါ် မည်မျှ အလေးထား စောင့်ရှောက်သနည်းဆိုသည့်အချက်သည် အရေးကြီးပါသည်။

မသန်စွမ်းမှုဆိုသည်မှာ ကံကြမ္မာ၏ မျက်နှာသာမပေးမှု သို့မဟုတ် သနားကရုဏာသက်ရုံဖြင့် ပြီးပြတ်သွားသည့် ဝရုဟိတကိစ္စရပ်တစ်ခုမဟုတ်ပါ။ မျက်မှောက်ခေတ်တွင် မသန်စွမ်းမှုကို ဆေးပညာဆိုင်ရာ ချို့ယွင်းချက်အဖြစ် ရှုမြင်သည့်စနစ်မှ လူ့အခွင့်အရေးအခြေပြုရှုမြင်သည့်စနစ်သို့ ကမ္ဘာတစ်ဝန်း အားကောင်းမောင်းသန် ပြောင်းလဲကျင့်သုံးနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (UN-CRPD) ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ယင်းနှင့်အညီ "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)"ကို ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် "**မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)**"တွင်လည်း "**မည်သူတစ်ဦးတစ်ယောက်မျှ နောက်ချန်မထားခဲ့ရေး**"ဟူသော အခြေခံမူကို ခိုင်ခိုင်မာမာ ချမှတ်ထားပါသည်။ ဤရည်မှန်းချက်များကို မြေပြင်တွင် လက်တွေ့အသက်သွင်းနိုင်ရန်အတွက် အခြေခံအကျဆုံးနှင့် မရှိမဖြစ်လိုအပ်သော ပထမခြေလှမ်းမှာ "**မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်း**" ဖြစ်ပါသည်။

အစိုးရ၏ တာဝန်ခံမှုနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်

မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသည် ရိုးရှင်းသော စာရင်းကောက်ယူမှုမျှသာမဟုတ်ဘဲ အစိုးရ၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကိုဖော်ဆောင်သည့် ရလဒ်တစ်ခုဖြစ်ပါသည်။ တိကျသောအချက်အလက်မရှိပါက မည်သည့်ဝန်ကြီးဌာန၊ မည်သည့်အဖွဲ့အစည်းမျှ ထိရောက်သောကူညီပံ့ပိုးမှုများကို မလုပ်ဆောင်နိုင်ဘဲ ဘတ်ဂျက်များနှင့် မူဝါဒများသည် လေထဲတွင်သာ ပျောက်ဆုံးသွားမည်ဖြစ်ပါသည်။

မှန်ကန်သောအချက်အလက်နှင့် ပွင့်လင်းမြင်သာမှု။ ပြည်တွင်း၌ မသန်စွမ်းသူဦးရေ မည်မျှရှိသည်၊ ၎င်းတို့သည် မည်သည့်ဒေသများတွင် နေထိုင်ကြသည်၊ မည်သည့်မသန်စွမ်းမှုအမျိုးအစား (အမြင်၊ အကြား၊ ကိုယ်အင်္ဂါ၊ ဉာဏ်ရည်) အောက်တွင် ပါဝင်နေသည်ကိုသိရှိမှသာ အစိုးရအနေဖြင့် ပြည်သူ့ဘတ်ဂျက်ကို ထိရောက်၊ ပွင့်လင်းမြင်သာစွာ ခွဲဝေနိုင်ပါမည်။ ယင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ ကတိကဝတ်အပေါ် တာဝန်ခံခြင်းဖြစ်ပါသည်။

အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို တရားဝင်အသိအမှတ်ပြုခြင်း။ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်မှ တစ်ဆင့်ထွက်ပေါ်လာသော "**မသန်စွမ်းသက်သေခံကတ်ပြား**"သည် မသန်စွမ်းသူတစ်ဦးအား နိုင်ငံသားတစ်ဦးအနေဖြင့် ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေးများကို တောင်းဆိုပိုင်ခွင့်ရှိသူအဖြစ် တရားဝင်အသိအမှတ်ပြုလိုက်ခြင်းဖြစ်ပါသည်။

မသန်စွမ်းမှုအဆင့်အလိုက် မျှတစွာပံ့ပိုးနိုင်ခြင်း။ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ (၂၀၁၇)၊ ပုဒ်မ ၂၂ အရ ကျန်းမာရေးဝန်ကြီးဌာနသည် မသန်စွမ်းမှုအဆင့် စီစစ်သတ်မှတ်သည့် အဖွဲ့ဖြင့် မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်ကို သတ်မှတ်ရာတွင် နိုင်ငံတကာက ကျင့်သုံးသော စံနှုန်းများနှင့် လိုက်လျောညီထွေရှိရေး ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မသန်စွမ်းမှုအဆင့်ကို စနစ်တကျသတ်မှတ်ပေးခြင်းဖြင့် အမှန်တကယ် ပိုမိုလိုအပ်နေသူများကို ပိုမိုထိရောက်စွာ ဦးစားပေးထောက်ပံ့နိုင်မည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ပါသည်။

မသန်စွမ်းသူများနှင့် အုပ်ထိန်းသူများ အလေးထားသင့်သည့်အကြောင်းရင်း

မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိဘ၊ အုပ်ထိန်းသူများသည် မှတ်ပုံတင်ခြင်းလုပ်ငန်းကို မိမိတို့နှင့် မသက်ဆိုင်သကဲ့သို့ သဘောမထားဘဲ မိမိတို့၏ အရည်အချင်းနှင့် အခွင့်အရေးများကိုမြှင့်တင်ရန် အထူးအလေးထား ဆောင်ရွက်သင့်ပါသည်။ ဤလုပ်ငန်းစဉ်သည် သနားကြင်နာမှုကို တောင်းခံခြင်းမဟုတ်ဘဲ ဥပဒေအရအခွင့်အရေးကို လက်ဝယ်ပိုင်ပိုင်ရယူခြင်းဖြစ်သည်။

တန်းတူပညာသင်ကြားခွင့်။ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ (၂၀၁၇)၊ အခန်း (၃)၊ ပုဒ်မ (၁၀)နှင့် နည်းဥပဒေများ၊ အခန်း (၈)တို့အရ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ လုပ်ငန်းခွင်များတွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်ခွဲတမ်းစနစ်ကို သတ်မှတ်ပေးရမည်ဖြစ်ပါသည်။ မိမိတွင် မသန်စွမ်းသူမှတ်ပုံတင်ကတ်ပြားရှိထားခြင်းဖြင့် သင့်လျော်သောအလုပ်အကိုင်ကို ဂုဏ်သိက္ခာရှိရှိ လျှောက်ထားနိုင်ပြီး လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခံရပါကလည်း ဥပဒေကြောင်းအရ အကာအကွယ်ရယူနိုင်ပါသည်။

အများပြည်သူသိရှိပြီး ပိုင်းဝန်းကူညီရန် လိုအပ်ချက်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် အစိုးရတစ်ဖွဲ့တည်း၏ အားထုတ်မှုဖြင့် မလုံလောက်ဘဲ အများပြည်သူ၏ တက်ကြွစွာပူးပေါင်းပါဝင်မှုဖြင့်သာ ရေရှည်တည်တံ့နိုင်ပါသည်။ မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းအောင်မြင်ရန်မှာ မသန်စွမ်းမိသားစုများသာမက ပတ်ဝန်းကျင်ရှိ အများပြည်သူ အားလုံး၏ စုပေါင်းအင်အားအပေါ်တွင် တိုက်ရိုက်မူတည်နေပါသည်။

သတင်းအချက်အလက် မျှဝေပေးခြင်း။ ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားသောဒေသများရှိ မသန်စွမ်းသူများနှင့် အုပ်ထိန်းသူအချို့သည် သတင်းအချက်အလက် လက်လှမ်းမမှီကြောင့် ဤကဲ့သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းများရှိသည်ကိုပင် မသိရှိကြပေ။ ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ပတ်ဝန်းကျင်တွင် မသန်စွမ်းသူများရှိပါက ၎င်းတို့၏ မိသားစုများကို မှတ်ပုံတင်ခြင်း၏အကျိုးကျေးဇူးများနှင့် လုပ်ထုံးလုပ်နည်းများကို လမ်းညွှန်အသိပေးသည့် "လူမှုရေးအရ တာဝန်သိစိတ်"ကို ပြသကြရပါမည်။

ခွဲခြားဆက်ဆံမှုများကို တိုက်ဖျက်ခြင်း။ အချို့သောအုပ်ထိန်းသူများသည် ရှုးရိုးစွဲအမြင်များ သို့မဟုတ် ရှက်ရွံ့မှုများကြောင့် မသန်စွမ်းကလေးငယ်များကို အိမ်တွင်းဖွဲ့သာ ဂုဏ်ထားလေ့ရှိသည်။ အများပြည်သူအနေဖြင့် မသန်စွမ်းမှုကို အနာရောဂါတစ်ခု သို့မဟုတ် ရုက်စရာကိစ္စတစ်ခုအဖြစ် မရှုမြင်ဘဲ၊ လူသားမျိုးကွဲများထဲက သဘာဝတရားတစ်ခုအဖြစ် နားလည်ပေးပြီး ၎င်းတို့မှတ်ပုံတင်ရန် သွားရောက်ရာတွင် ပိုင်းဝန်းအားပေးကူညီရပါမည်။

အဆင်ပြေချောမွေ့စွာ လက်လှမ်းမီနိုင်မှု ဖန်တီးပေးခြင်း။ ရပ်ရွာအဆင့်တွင် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ မသန်စွမ်းသူများ

> ✳ **မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိဘ၊ အုပ်ထိန်းသူများသည် မှတ်ပုံတင်ခြင်းလုပ်ငန်းကို မိမိတို့နှင့် မသက်ဆိုင်သကဲ့သို့ သဘောမထားဘဲ မိမိတို့၏ အရည်အချင်းနှင့် အခွင့်အရေးများကိုမြှင့်တင်ရန် အထူးအလေးထား ဆောင်ရွက်သင့်ပါသည်။ ဤလုပ်ငန်းစဉ်သည် သနားကြင်နာမှုကို တောင်းခံခြင်းမဟုတ်ဘဲ ဥပဒေအရအခွင့်အရေးကို လက်ဝယ်ပိုင်ပိုင်ရယူခြင်းဖြစ်**
>
> ✳ **ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ပတ်ဝန်းကျင်တွင် မသန်စွမ်းသူများရှိပါက ၎င်းတို့၏ မိသားစုများကို မှတ်ပုံတင်ခြင်း၏ အကျိုးကျေးဇူးများနှင့် လုပ်ထုံးလုပ်နည်းများကို လမ်းညွှန်အသိပေးသည့် "လူမှုရေးအရ တာဝန်သိစိတ်"ကို ပြသ**

(၃)ပါ ပြဋ္ဌာန်းချက်များအရ ပညာရေးဝန်ကြီးဌာန၏ လူတိုင်းအကျုံးဝင် ပညာရေးစနစ်အောက်တွင် မသန်စွမ်းကလေးငယ်များသည် လက်ရှိကျောင်းများ၌ ခွဲခြားဆက်ဆံမခံရဘဲ သင်ကြားခွင့်ရှိသည်။

အလုပ်အကိုင်အခွင့်အလမ်းနှင့် ဥပဒေအရ အကာအကွယ်။ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ ၂၀၁၅၊ အခန်း (၁၀)နှင့် နည်းဥပဒေများ၊ အခန်း (၈)တို့အရ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ လုပ်ငန်းခွင်များတွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်ခွဲတမ်းစနစ်ကို သတ်မှတ်ပေးရမည်ဖြစ်ပါသည်။ မိမိတွင် မသန်စွမ်းသူမှတ်ပုံတင်ကတ်ပြားရှိထားခြင်းဖြင့် သင့်လျော်သောအလုပ်အကိုင်ကို ဂုဏ်သိက္ခာရှိရှိ လျှောက်ထားနိုင်ပြီး လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခံရပါကလည်း ဥပဒေကြောင်းအရ အကာအကွယ်ရယူနိုင်ပါသည်။

အများပြည်သူသိရှိပြီး ပိုင်းဝန်းကူညီရန် လိုအပ်ချက်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် အစိုးရတစ်ဖွဲ့တည်း၏ အားထုတ်မှုဖြင့် မလုံလောက်ဘဲ အများပြည်သူ၏ တက်ကြွစွာပူးပေါင်းပါဝင်မှုဖြင့်သာ ရေရှည်တည်တံ့နိုင်ပါသည်။ မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းအောင်မြင်ရန်မှာ မသန်စွမ်းမိသားစုများသာမက ပတ်ဝန်းကျင်ရှိ အများပြည်သူ အားလုံး၏ စုပေါင်းအင်အားအပေါ်တွင် တိုက်ရိုက်မူတည်နေပါသည်။

သတင်းအချက်အလက် မျှဝေပေးခြင်း။ ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားသောဒေသများရှိ မသန်စွမ်းသူများနှင့် အုပ်ထိန်းသူအချို့သည် သတင်းအချက်အလက် လက်လှမ်းမမှီကြောင့် ဤကဲ့သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းများရှိသည်ကိုပင် မသိရှိကြပေ။ ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ပတ်ဝန်းကျင်တွင် မသန်စွမ်းသူများရှိပါက ၎င်းတို့၏ မိသားစုများကို မှတ်ပုံတင်ခြင်း၏အကျိုးကျေးဇူးများနှင့် လုပ်ထုံးလုပ်နည်းများကို လမ်းညွှန်အသိပေးသည့် "လူမှုရေးအရ တာဝန်သိစိတ်"ကို ပြသကြရပါမည်။

ခွဲခြားဆက်ဆံမှုများကို တိုက်ဖျက်ခြင်း။ အချို့သောအုပ်ထိန်းသူများသည် ရှုးရိုးစွဲအမြင်များ သို့မဟုတ် ရှက်ရွံ့မှုများကြောင့် မသန်စွမ်းကလေးငယ်များကို အိမ်တွင်းဖွဲ့သာ ဂုဏ်ထားလေ့ရှိသည်။ အများပြည်သူအနေဖြင့် မသန်စွမ်းမှုကို အနာရောဂါတစ်ခု သို့မဟုတ် ရုက်စရာကိစ္စတစ်ခုအဖြစ် မရှုမြင်ဘဲ၊ လူသားမျိုးကွဲများထဲက သဘာဝတရားတစ်ခုအဖြစ် နားလည်ပေးပြီး ၎င်းတို့မှတ်ပုံတင်ရန် သွားရောက်ရာတွင် ပိုင်းဝန်းအားပေးကူညီရပါမည်။

အဆင်ပြေချောမွေ့စွာ လက်လှမ်းမီနိုင်မှု ဖန်တီးပေးခြင်း။ ရပ်ရွာအဆင့်တွင် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ မသန်စွမ်းသူများ

ပညာရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ။ ဥပဒေ ၂၀၁၅ အခန်း (၅)နှင့် နည်းဥပဒေများ၊ အခန်း (၃) တို့အရ အားလုံးအကျုံးဝင် ပညာရေးစနစ်အောင်မြင်ရန် မသန်စွမ်းကျောင်းသားဦးရေနှင့် အမျိုးအစားကို တိကျစွာသိရှိရန် အရေးကြီးပါသည်။ သို့မှသာ ပညာရေးဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းမှုအလိုက် လိုအပ်သော စာရေးခုံ၊ စာသင်ခန်း၊ သန့်စင်ခန်း အစရှိသည့် အဆင်ပြေသင့်လျော်သော ပတ်ဝန်းကျင်များကို စီမံနိုင်မည်ဖြစ်ပါသည်။

ဥပဒေ ၂၀၁၅၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)အရ မသန်စွမ်းသူများ အလွယ်တကူ အသုံးပြုနိုင်သော ဝန်ဆောင်မှုများ၊ စနစ်များ၊ ပုံစံများ၊ နည်းပညာအထောက်အပံ့ပစ္စည်းများ၊ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ခြင်းနည်းပညာများကို သုတေသနပြုခြင်းနှင့် တီထွင်ထုတ်လုပ်ခြင်းများ ဆောင်ရွက်ရာတွင် ဤမှတ်ပုံတင်စာရင်းသည် လမ်းညွှန်ပြသပေးပါသည်။

ကျန်းမာရေးကဏ္ဍ။ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် နည်းဥပဒေများ၊ အခန်း ၄ တို့အရ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးများ (ဥပမာ- မသန်စွမ်းသူများအတွက် အခမဲ့ သို့မဟုတ် သက်သာသော နှုန်းထားဖြင့် ဆေးဝါးကုသခွင့်၊ ခြေတုလက်တုနှင့် ပြန်လည်သန်စွမ်းရေး အထောက်အကူပြုပစ္စည်းများကို ပံ့ပိုးပေးရန် စီမံချက်ရေးဆွဲရာတွင် ဤအချက်အလက်များ လိုအပ်ပါသည်။

ဥပဒေ ပုဒ်မ ၃၄ အရ မသန်စွမ်းသူများအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဖြစ်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲစိတ်အစားထိုးကုသသည့် ဆေးရုံများ၊ ဆေးခန်းများ၊ လေ့ကျင့်သင်ကြားရေးကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ခွဲစိတ်အစားထိုးကုသသည့် ပညာရှင်များ၏စွမ်းရည်ကိုမြှင့်တင်ပေးခြင်း၊ လိုအပ်သော ခေတ်မီစက်ကိရိယာများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ရာတွင်လည်း မသန်စွမ်းသူ မှတ်ပုံတင်အချက်အလက်များက မရှိမဖြစ် အရေးပါပါသည်။

ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍ။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် နေထိုင်သော မသန်စွမ်းသူများသည် မြို့ပြနေသူများထက် ပိုမိုခက်ခဲပါသည်။ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍတွင် မသန်စွမ်းသူများ၏ မှတ်ပုံတင်စာရင်းရှိခြင်းဖြင့် ကျေးလက်သောက်သုံးရေရှည်ရေး၊ လမ်းတံတားဆင်းခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးပေးရာတွင် မသန်စွမ်းမိသားစုများကို ထိရောက်စွာ ကူညီနိုင်ပါသည်။ ရပ်ရွာအခြေပြုကဏ္ဍစုံဖွဲ့ဖြိုးရေးလုပ်ငန်းများ၌ မသန်စွမ်းသူများကိုယ်တိုင် တက်ကြွစွာပါဝင်လာစေရန် Civic Participation ဆွဲဆောင်ရာတွင်လည်း ဤအချက်အလက်က အဓိကကျပါသည်။

စာမျက်နှာ ၁၁ သို့ ✳

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ တက္ကသိုလ်များသို့ သွားရောက်လေ့လာ



နေပြည်တော် အောက်တိုဘာ ၂၀

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၃၆ ဦးနှင့် အုပ်ချုပ်သူများအား နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေး ခရီးစဉ်စေလွှတ်ခဲ့ရာ ယမန်နေ့ နံနက်ပိုင်းက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ တက္ကသိုလ်များသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ထူးချွန်ကျောင်းသား ကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည့် Hanoi University of Science and Technology (HUST) သို့ သွားရောက်လေ့လာရာ တက္ကသိုလ်မှ တာဝန်ရှိသူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝေလင်းက ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့ပြင် Hanoi University of Science and Technology (HUST) မှ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် ဖွင့်လှစ်ပို့ချလျက်ရှိသည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တက္ကသိုလ်အတွင်းရှိ ပညာရေး၊ နည်းပညာ၊ ယဉ်ကျေးမှုနှင့် သုတေသန ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သည့် ဌာနများနှင့် နည်းပညာဆိုင်ရာ သုတေသန ဆောင်ရွက်နေမှုများကို ကြည့်ရှု လေ့လာကြသည်။

ဆက်လက်၍ VNU University of Science (VNU–HUS) သို့ ရောက်ရှိပြီး ဗီယက်နမ် ကျောင်းသားများနှင့် ထူးချွန် ကျောင်းသား ကျောင်းသူများ အချင်းချင်း ယဉ်ကျေးမှုဖလှယ်ခြင်းများ ပြုလုပ်ခဲ့ကြပြီး NGỤY NHƯ KON TUM ခန်းမနှင့် ဇီဝဗေဒ ပြခန်းတို့ကို ကြည့်ရှုလေ့လာခဲ့ကာ ညနေပိုင်းတွင် သံရုံးမှ တည်ခင်း ဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထူးချွန် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ် အုပ်ချုပ်သူများသည် ပုဂ္ဂလိကတက္ကသိုလ် တစ်ခုဖြစ်သည့် VIN University သို့ရောက်ရှိပြီး တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ကြီးကြပ်အုပ်ချုပ်သူများက သီးခြားတွေ့ဆုံရာတွင် တက္ကသိုလ်မှ တာဝန်ရှိသူများက နိုင်ငံတကာ ကျောင်းသား ကျောင်းသူများ ပညာ လာရောက်သင်ယူမှု၊ ကျောင်း၏ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဌာနကြီးများ ဖွဲ့စည်းထားရှိမှု၊ နိုင်ငံတကာ ကျောင်းသား ကျောင်းသူများ ပညာလေ့လာသင်ယူခွင့် အခြေအနေများနှင့် ပညာသင်ဆု လျှောက်ထားနိုင်သည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားကြရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။

အဆိုပါ ထူးချွန်ကျောင်းသား ကျောင်းသူ ၃၆ ဦးနှင့် အုပ်ချုပ်သူများအား နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးပို့ဆောင်ပေးခဲ့ရာ အောက်တိုဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ခြောက်ရက်ကြာ ခရီးစဉ်အတွင်း ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သို့ သွားရောက် လေ့လာခဲ့ကြပြီး ယနေ့ညပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❂ စပါးအသင်းမှ

အဲဒီပွဲစဉ်မှာ စပါးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၄ မိနစ်မှာ မက်ဒီဆင်ကတစ်ဂိုး၊ ၅၈ မိနစ်မှာ ဆိုမာမာမွတ်ရှိကတစ်ဂိုးနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ခြောက်မိနစ်မှာ ဘန်ဒေးဇီးစိက တစ်ဂိုးသွင်းယူပေးခဲ့ပြီး ကိုဗင်ထရီအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ပွဲကစားချိန် ၄၉ မိနစ်မှာရှဒိုနီကသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မက်ဒီဆင်ဟာ ကစားသမား ဘဝကို ကိုဗင်ထရီအသင်းနဲ့စတင်ခဲ့တာဖြစ်ပြီး အသင်းဟောင်းကို ပြန်လည်ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ စပါးအသင်းအနေ နဲ့ ကိုဗင်ထရီအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီယာလိဂ်ပွဲစဉ်(၇)အပြီးမှာ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံး ရမှတ် ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၁၆)နေရာမှာ ရပ်တည်နေပါတယ်။ ကိုဗင်ထရီအသင်းကတော့ စပါးအသင်းအောက် ပရီမီယာလိဂ်အဆင့်(၁၇)နေရာမှာ ရပ်တည်နေပါတယ်။

ငွေကြေယ်

✻ စာမျက်နှာ ၁၀ မှ

စက်မှုနှင့် စီးပွားရေးကဏ္ဍ။ ပုဂ္ဂလိကနှင့် အစိုးရစက်မှုလုပ်ငန်းများ၊ စီးပွားရေးကဏ္ဍများတွင် မသန်စွမ်းသူများ ပါဝင်စီးပွားရှာနိုင်ရန် ဤအချက်အလက်က လမ်းခင်းပေးနိုင်ပါသည်။ စက်မှုဇုန်များနှင့် ကုန်တိုက်များတွင် မသန်စွမ်းသူများ အဆင်ပြေစွာ သွားလာလုပ်ကိုင်နိုင်မည့် လုပ်ငန်းခွင်ပတ်ဝန်းကျင်ဖန်တီးရန် စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းနိုင်ပါသည်။ ထို့အပြင် မသန်စွမ်းသူများဦးဆောင်သည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို နည်းပညာနှင့် အရင်းအနှီး ထောက်ပံ့ပေးရန်အတွက် တရားဝင်အချက်အလက်များက အထောက်အထားခိုင်လုံစေပါသည်။

အလုပ်အကိုင်ရေးရာကဏ္ဍ။ ဥပဒေ ၂၀၁၅ ပါ အလုပ်အကိုင်ခွဲတမ်းစနစ်ကို အသက်သွင်းရန် မသန်စွမ်းသူများ၏ လုပ်ငန်းခွင်ဝင်ရောက်နိုင်စွမ်းနှင့် အရည်အချင်း အချက်အလက်များ လိုအပ်ပါသည်။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မှတ်ပုံတင်ထားသော မသန်စွမ်းသူများ၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအလိုက် သင့်လျော်သော အလုပ်အကိုင်များနှင့် ချိတ်ဆက်ပေးနိုင်ပါသည်။ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမခံရစေရန်နှင့် ဂုဏ်သိက္ခာရှိသော လုပ်ခလစာရရှိစေရန် ဥပဒေကြောင်းအရ စောင့်ကြည့်ထိန်းကျောင်းရာတွင် ဤအချက်အလက်က အလွန်အရေးကြီးပါသည်။

အမျိုးသမီးနှင့် လူငယ်ရေးရာကဏ္ဍ။ မသန်စွမ်း အမျိုးသမီးများနှင့် လူငယ်များသည် ကျား၊ မ အခြေပြုအကြိမ်းဖက်မှုနှင့် လူမှုရေးအပယ်ခံရမှုများကို နှစ်ဆရင်ဆိုင်ရလေ့ရှိပါသည်။ မသန်စွမ်း လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် အမျိုးသားလူငယ်မူဝါဒများတွင် ၎င်းတို့၏အသံပါဝင်လာစေရန် မှတ်ပုံတင်အချက်အလက်က ကူညီပေးနိုင်ပါသည်။

ထို့အတူ မသန်စွမ်းအမျိုးသမီးများကို လူမှုရေးအရ အကာအကွယ်ပေးမည့်အစီအစဉ်များနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ပံ့ပိုးပေးရန် ဤအချက်အလက်များသည် ဗဟိုချက်မအဖြစ် ဆောင်ရွက်ပေးနိုင်ပါသည်။

ဆောက်လုပ်ရေးကဏ္ဍ။ ဥပဒေ ၂၀၁၅၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က၊ ခ၊ ဃ၊ င) နှင့် နည်းဥပဒေများ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က၊ ဂ၊ ဃ၊ င)တို့အရ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် မသန်စွမ်းသူများ အတားအဆီးမဲ့ သွားလာအသုံးပြုနိုင်ရေးအတွက် ဆောက်လုပ်ရေးကဏ္ဍသည် အရေးကြီးပါသည်။ မှတ်ပုံတင်ထားသော အချက်အလက်များအပေါ် မူတည်၍ အိမ်ရာ၊ စာသင်ကျောင်း၊ ရုံး၊ ဆေးရုံ၊ ဈေး၊ ပန်းခြံ၊ ရုပ်ရှင်ရုံ၊ ကစားတင်ရုံ၊ ပြတိုက်၊ အားကစားရုံ၊ ဈေးဝယ်စင်တာ၊ အများသုံးသန့်စင်ခန်း၊ လမ်းတံတား၊ လျှောက်လမ်း၊ ပလက်ဖောင်း၊ လူကူးမျဉ်းကြား၊ လမ်းဆုံမီးပွိုင့်၊ ကားဂိတ်၊ ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ် စသည်တို့တွင် မသန်စွမ်းသူများလွယ်ကူစွာ အသုံးပြုနိုင်ရေးအတွက် တည်ဆောက်ရန် စံချိန်စံညွှန်းများသတ်မှတ်ရာ၌ ယခုအချက်အလက်များကို သုံးရပါသည်။

အားကစားကဏ္ဍ။ မသန်စွမ်းသူများ၏ ကာယ၊ ဉာဏစွမ်းရည်များကို မြှင့်တင်ပေးရန်နှင့် လူ့အဖွဲ့အစည်းအတွင်းပျော်ဝင်စေရန် အားကစားနှင့် လူမှုရေးရာကဏ္ဍသည်အရေးပါသည်။ နည်းဥပဒေ ၂၀၁၅၊ ပုဒ်မ ၂၈ အရ မှတ်ပုံတင်ထားသော မသန်စွမ်း အားကစားသမားများစာရင်းအရ မသန်စွမ်း အိုလံပစ်ကွဲသို့သော ပြိုင်ပွဲများအတွက် လေ့ကျင့်ပေးခြင်း၊ မသန်စွမ်းသူများအတွက် အထူးအားကစား ကွင်းများနှင့် အပန်းဖြေကဏ္ဍများ ဖန်တီးပေးခြင်း ဖြင့် ၎င်းတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ပါသည်။

သဘာဝဘေးအန္တရာယ်နှင့်ပြန်လည်ထူထောင်ရေးကဏ္ဍ။ သဘာဝဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေများကြုံတွေ့ရချိန်တွင် မသန်စွမ်းသူများသည် အထိခိုက်လွယ်ဆုံးအခြေအနေတွင်ရှိသူများ ဖြစ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် မသန်စွမ်းသူများ၏ နေရပ်လိပ်စာနှင့် အမျိုးအစားအချက်အလက်များရှိထားမှသာ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခြင်း၊ အစားအစာနှင့် ဆေးဝါးများ အရေးပေါ်ဖြန့်ဝေခြင်းတို့ကို အချိန်မီ ဦးစားပေးလုပ်ဆောင်နိုင်ပါမည်။ ဘေးဒဏ်သင့်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်း မသန်စွမ်းသူများ၏ လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ပါသည်။

မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်မှု

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၇)၊ အခန်း ၁၁ နှင့် နည်းဥပဒေ (၂၀၁၇) အခန်း ၂ တို့တွင် “မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း” လုပ်ထုံးလုပ်နည်းများကို တိကျစွာထည့်သွင်းပြဋ္ဌာန်းထားပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီ၏လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနက မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းကို စိမံကိန်းမြို့နယ် ၂၆ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ မသန်စွမ်းသူ ၈၈၇၄ ဦးအား မသန်စွမ်းသူမှတ်ပုံတင်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းသည် မသန်စွမ်းသူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို မှတ်တမ်းတင်ထားရုံမျှသာ မဟုတ်ဘဲ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် လိုအပ်သည့် ကျန်းမာရေး၊ ပညာရေး၊ ပြန်လည် ထူထောင်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အခြားဝန်ဆောင်မှုများကို အမှန်တကယ်ရရှိခံစားနိုင်စေရန် အခြေခံအရေးပါသည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ နှင့် နည်းဥပဒေ ၂၀၁၇ တို့၏ ရည်ရွယ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ သက်ဆိုင်ရာအစိုးရဌာနများ၏ တာဝန်သာမက မသန်စွမ်းသူများ ကိုယ်တိုင်၊ မိသားစုဝင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးကလည်း မိမိတို့၏ အခန်းကဏ္ဍ အလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ရမည့် ပြည်သူ့ တာဝန်တစ်ရပ်ဖြစ်ပါသည်။

“မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်း” ကို အုပ်ချုပ်ရေးလုပ်ငန်းတစ်ခုအဖြစ်သာမမြင်ဘဲ မသန်စွမ်းသူများ၏ အခွင့်အရေးများ အမှန်တကယ် ရရှိခံစားနိုင်ရေးအတွက် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ရမည့် အခွင့်အရေးအခြေပြုလုပ်ငန်းစဉ် တစ်ရပ်အဖြစ် နားလည်ပြီး ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းဖော်ပြလိုက်ပါသည်။

သို့ဖြစ်၍ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းသည် ရိုးရှင်းသောကတိပြုစာတစ်ခုထုတ်ပေးသည့် လုပ်ငန်းစဉ်တွင်မဟုတ်ပါ။ ၎င်းသည် အစိုးရ၏တာဝန်ခံမှုရှိသော အုပ်ချုပ်ရေးယန္တရားနှင့် အများပြည်သူ၏တကိုယ်တော သဘောထားများကို အခြေခံသည့် အများပြည်သူ့ဝန်ထမ်းစနစ်ကို ဖန်တီးခြင်းလည်း ဖြစ်ပါသည်။

ထို့ကြောင့် မသန်စွမ်းသူများနှင့် အုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ အခွင့်အရေးကို ရဲရဲဝံ့ဝံ့ရယူကာ မှတ်ပုံတင်ခြင်းလုပ်ငန်းတွင် တက်ကြွစွာပါဝင်ကြရန်လိုအပ်သလို ပြည်သူများအနေဖြင့်လည်း ခိုင်မာသောတာဝန်သိစိတ်ဖြင့် ပိုင်းဝန်းလက်တွဲကူညီပံ့ပိုးပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ အစိုးရနှင့်ပြည်သူ အပြန်အလှန် ယုံကြည်ကိုးစားကာ ပူးပေါင်းဆောင်ရွက်မှသာ **“မည်သူ့တစ်ဦးတစ်ယောက်မျှ နောက်ချန်မထားခဲ့သော”** မျှတကာ သာယာလှပသော လူ့အဖွဲ့အစည်းတစ်ရပ်ကို အတူတကွ တည်ဆောက်နိုင်မည်ဖြစ်ပါတော့သည်။ ။

ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဂျပန်နည်းပညာသုံး ရေဆိုးသန့်စင်စနစ် ရှင်းလင်းတင်ပြ



မော်လမြိုင် အောက်တိုဘာ ၂၀

ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဂျပန်နည်းပညာသုံး ရေဆိုးသန့်စင်စနစ် ရှင်းလင်းတင်ပြခြင်းအစီအစဉ်ကို ယနေ့ နံနက်ပိုင်းက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ Pure Care Co., Ltd. ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အထောက်အကူပြုနိုင်ရေးအတွက် ထိရောက်စွာ အသုံးပြုနိုင်သည့် ဂျပန်နည်းပညာသုံး ရေဆိုးသန့်စင်စနစ်၏ လုပ်ငန်းဆောင်ရွက်ပုံများ၊ နည်းပညာဆိုင်ရာ အားသာချက်များနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်မည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက ရေဆိုးသန့်စင်စနစ် နည်းပညာနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ကုမ္ပဏီ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ထုတ်ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးတို့တွင် ရေသန့်စင်သည့် နည်းပညာသစ်များ အသုံးပြုနိုင်ရေး ဆိုင်ရာများ၊ ရေဆိုးသန့်စင်စနစ် စနစ်တကျ စီမံခန့်ခွဲနိုင်ရေး အခြေအနေများနှင့်ပတ်သက်၍ မှာကြားကာလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ရေဆိုးသန့်စင်စနစ် နည်းပညာ၏ ပုံစံငယ်ဖြင့်ပြသမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့၏ ကမ်းနားလမ်းတွင် အများပြည်သူများ စိတ်အေးချမ်းမြေစွာ အပန်းဖြေနိုင်ရေး အတွက် မော်လမြိုင်မြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ဆိုလာမီးတိုင်များဆောင်ရွက်နေမှု၊ ပလက်ဖောင်းလက်ရန်းများ ပြုပြင်ဆေးသုတ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မော်လမြိုင်မြို့၏ သံလွင်ဥယျာဉ်အား သာယာလှပပြီး ခေတ်မီဆန်းသစ်သည့် အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က လာရောက်အပန်းဖြေကြသူများ ပျော်ရွှင်စိတ်အေးချမ်းသာမှု ရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်ရေးကို အထူးဂရုပြု ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

လေးမျက်နှာမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

လေးမျက်နှာ အောက်တိုဘာ ၂၀

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဝက်သက်၊ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးက ကာကွယ်ဆေးထိုးနှံရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးက ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ထိရောက်စွာ ကာကွယ်နိုင်မှုတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အသက် ၉ လမှ ၅၉ လအတွင်း ကလေးသူငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ အဆိုပါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းကို အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ မြို့နယ်အတွင်းရှိ ကလေးသူငယ်များအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အမာမြို့၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ



အမာ အောက်တိုဘာ ၂၀

ရောဝတီတိုင်းဒေသကြီး အမာမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမာကျေးလက်ကျန်းမာရေးဌာနတွင် ယနေ့နံနက်ပိုင်းက အသက် ၉ လမှ ၅၉ လအရွယ် ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုးနှံပေး

ဦးစွာ ကျန်းမာရေးမှူး ဒေါ်လှမြတ်မင်းက ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေးသည့်လုပ်ငန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ပြောကြားသည်။ ထိုသို့ဆောင်ရွက်နေမှုကို အမာမြို့အုပ်ချုပ်ရေးမှူးနှင့် စည်ပင်သာယာရေးအဖွဲ့ရုံး ဦးစီးအရာရှိတို့က ကြည့်ရှုအားပေးခဲ့ပြီး ကလေးငယ်များအား အာဟာရဖြည့်ပဲနို့ဘူးများ တိုက်ကျွေးပေးခဲ့သည်။ ကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေးမှုကို အောက်တိုဘာ ၂၃ ရက်အထိ သက်ဆိုင်ရာ စုရုပ်များတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နော်လေး(ပြန်/ဆက်)

ပေါင်းတည်မြို့နယ်၌ အယ်လ်နီညို အပူဒဏ်ကာကွယ်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်

ပေါင်းတည် အောက်တိုဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ကုသရေးဦးစီးဌာနက အယ်လ်နီညိုဖြစ်စဉ်အကျိုးဆက်ကြောင့် အပူဒဏ်ခံစားရသူများ ဆေးရုံ၌ လာရောက်ကုသမှုခံယူပါက စောင့်ရှောက်မှုပေးနိုင်ရန် ပေါင်းတည်ဆေးရုံတွင် ခုတင်ငါးလုံး၊ မှတ်တိုင်နှင့် ကြာနီကန် တိုက်နယ်ဆေးရုံတို့တွင် ခုတင် သုံးလုံးစီ၊ Air cooler၊ ပန်ကာများ၊ ဓာတ်ဆားထုပ် အပါအဝင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားသည်။

ထို့ပြင် ကျန်းမာရေးဝန်ထမ်းများအား အပူဒဏ်ဆိုင်ရာ ကုသရေးလမ်းညွှန်ချက်များကို သင်ကြားလေ့ကျင့်ပေးခြင်းနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတင်းအချက်အလက်များကိုပြည်သူလူထုအား လှုံ့ဆော်အသိပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



နတ်တလင်းမြို့၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

နတ်တလင်း အောက်တိုဘာ ၂၀

ပဲခူးတိုင်းဒေသကြီးနတ်တလင်းမြို့နယ် ကုသရေးဦးစီးဌာနမှ ပြည်သူများအား စုပါအယ်လ်နီညို ရာသီဥတုဖြစ်စဉ်များကြောင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



အဆိုပါ ဟောပြောပွဲတွင် မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အေးအေးသန့်က သတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း ရောဂါလက္ခဏာများ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့်လူနာအား အရေးပေါ် ရေးဦးပြုစုခြင်း၊ အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ၊ ကြိုတင်ကာကွယ် နေထိုင်နည်းများကို ပြည်သူများအား အသိပညာပေးခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(နတ်တလင်း)



ပေါက်ခေါင်းမြို့နယ်၌ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

ပေါက်ခေါင်း အောက်တိုဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ရှိ ကျေးရွာအုပ်စုများမှ တောင်သူများအား အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့မအုပ်စု အမှတ် (၃)ရပ်ကွက် နည်းပညာပြန့်ပွားရေးစင်တာ၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက အယ်လ်နီညို သက်ရောက်မှုမှ ကြိုတင်ကာကွယ်ရန် တောင်သူများအနေဖြင့် ရေရရှိနိုင်မှုအပေါ်မူတည်၍ စိုက်ပျိုးချိန်နှင့် သီးနှံပုံစံပြောင်းလဲခြင်း၊ ရေ မြေ ဒေသနှင့်ကိုက်ညီသော သက်တမ်းတို့၌ ရောင်းဒဏ်ခံနိုင်သော စပါးမျိုးများ စိုက်ပျိုးခြင်း၊ ရေလိုအပ်မှုနည်းသော ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ၊ ဝါသီးနှံများစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးကို အကျိုးရှိစွာအသုံးပြုခြင်းစသည်တို့ကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

လောမင်းကို(ပြန်/ဆက်)

ဒေသတွင်းတင်းမာမှုများလျှော့ချရေး ဆွေးနွေးရန် ရုရှားနိုင်ငံခြားရေးဝန်ကြီး အီရန်သို့ရောက်ရှိ

တီဟီရန် အောက်တိုဘာ ၂၀

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗရော့စ်သည် ပါရှန်ပင်လယ်ကွေ့တွင် တင်းမာမှုများ လျော့ချရေးဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များနှင့်ပတ်သက်၍ အီရန်နိုင်ငံခြားရေးဝန်ကြီး အဗတ်အေရာချီနှင့် ဆွေးနွေးရန် တီဟီရန်သို့ ရောက်ရှိနေကြောင်းသိရသည်။ ၎င်းသည် ခရီးစဉ်အတွင်း အီရန်သမ္မတ မာဆော့ပါဇက်ကီရှန်နှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဟု သိရသည်။

အီရန်နိုင်ငံတွင်ဆောင်ရွက်မည့် ဆွေးနွေးမှုများအတွင်း အီရန်-ရုရှား နှစ်နိုင်ငံအကြား ပြီးပြည့်စုံသည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ခိုင်မာစေရေးအတွက် လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များကို ၎င်းက အလေးထားဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲအတွင်း ဘာရိန်းနိုင်ငံ မနားမားမြို့တွင် ကျင်းပခဲ့သည့် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ ဝန်ကြီးအဆင့် ကောင်စီဆွေးနွေးပွဲတွင် ၎င်းပါဝင်တက်ရောက်မှုမှရရှိလာသည့် ရလဒ်များကိုလည်း အီရန်ဘက်သို့ ရှင်းလင်းပြောကြားမည်ဟုသိရသည်။

TASS



အီကွေဒေါနိုင်ငံတွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေကြီးရေလျှံခြင်းနှင့်မြေပြိုခြင်းများဖြစ်ပွား

ကွီတို အောက်တိုဘာ ၂၀

အီကွေဒေါ နိုင်ငံတွင် အယ်လ်နီညို ဖြစ်စဉ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုမတစ်ဆင့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အတွင်းရေးမှူးရုံး၏ အောက်တိုဘာ ၁၉ ရက် ထုတ်ပြန်ချက်အရ သိရသည်။



ပြောကြား

နိုင်ငံအတွင်းရှိ ကမ်းရိုးတန်းပြည်နယ်များဖြစ်သည့် အယ်ဆိုရှိ၊ လော့ရီယိုနှင့် ဂူအေရတ်စ်အပါအဝင် အနှံ့နှံပြည်နယ် ဗိုလီဗာဒေသတို့တွင် အောက်တိုဘာ ၁၈ ရက် ညမှ အောက်တိုဘာ ၁၉ ရက် အထိ မိုးအဆက်မပြတ် ရွာသွန်းခဲ့ပြီး သဘာဝဘေး ၁၁ ကြိမ်ဖြစ်ပွားခဲ့ကြောင်း အဆိုပါရုံးအကြီးအကဲ ကာရိုလီနာလိုဇီနိုက ပြောကြားသည်။ လော့ရီယိုနှင့် ဂူအေရတ်စ် ပြည်နယ်တို့တွင် ရေကြီးရေလျှံမှုနှင့် မြစ်ရေလျှံမှုများ ဖြစ်ခဲ့ပြီး ပြန်လည် ထူထောင်ရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနိုင်ရန် အတွက် အရေးပေါ်အဖွဲ့များကို တာဝန်ပေးစေလွှတ်ခဲ့ရသည်။

ဂူအေရတ်စ် ပြည်နယ်၏ မြို့တော် ဂူယာကွေးတွင် နေရာဒေသပေါင်း ၅၀ ရေလွှမ်းမိုးခံခဲ့ရကြောင်း ဒေသတွင်းမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။ အဆိုးရွားဆုံး ထိခိုက်ခံစားခဲ့ရသည့်နေရာများအနက် တန်ဂူကျေးလက် ဒေသတစ်ခုလည်း ပါဝင်ပြီး ထိုနေရာတွင် မြစ်ရေလျှံတက်လာမှုကြောင့် နေအိမ်များ ရေနစ်မြုပ်ခဲ့ရသည်။

ပညာရေး ဝန်ကြီးဌာနသည် ဂါလာပါဂိုစ်ကျွန်းစု အပါအဝင် ပြည်နယ်ငါးခုမှ ရေဘေးသင့်ဒေသများတွင် ကျောင်းတက်ရောက်မှုများကို ရပ်ဆိုင်းထားခဲ့ရသည်။

အယ်လ်နီညို ရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်လာမှုကြောင့် အီကွေဒေါနိုင်ငံတွင် ဩဂုတ် ၂၉ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း အနီရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားပြီး အဆိုပါဖြစ်စဉ်သည် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိလာမည်ဟု ခန့်မှန်းထားသည်။

ဩဂုတ် ၂၉ ရက်မှ စတင်၍ ရွာသွန်းခဲ့သော မိုးများကြောင့် ပြည်နယ် ၂၂ ခုတွင် လူသုံးဦးသေဆုံးခဲ့ပြီး လူပေါင်း ၂၃၁၇ ဦး ထိခိုက်ခံစားခဲ့ရကာ နေအိမ်များနှင့် အသုံးအဆောင်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဆင်ဟွာ

ဘရူနိုင်းဌ အာဆီယံဒေသတွင်းနိုင်ငံများ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ အစည်းအဝေးများ ကျင်းပ

ဘန်ဒါဆရီဘီဂါဝမ် အောက်တိုဘာ ၂၀

ဘရူနိုင်းနိုင်ငံသည် အာဆီယံဒေသတွင်းနိုင်ငံများ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အစည်းအဝေးများကို မြို့တော်ဘန်ဒါဆရီဘီဂါဝမ်မြို့တွင် အောက်တိုဘာ ၁၉ ရက်မှ ၂၃ရက်အထိ လက်ခံကျင်းပနေကြောင်း သိရသည်။

အဆိုပါအစည်းအဝေးများတွင် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများသည် MSME လုပ်ငန်းများအား ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်း၊ ရေရှည်တည်တံ့သော လုပ်ဆောင်မှုများနှင့် စွေးကွက်သစ်များသို့ဝင်ရောက်နိုင်ခွင့်တို့ကို ပံ့ပိုးပေးမည့်အစီအစဉ်များကို ဆွေးနွေးမည်ဖြစ်သည်။

အာဆီယံအဖွဲ့၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းရေးကော်မတီ (ACCMSME) ၏ (၂၂) ကြိမ်မြောက်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဘရူနိုင်းနိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (METI) နှင့် ဘရူနိုင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ (BEDB) တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း ဘရူနိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဘုတ် အဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား စွေးကွက်သစ်များသို့ ဝင်ရောက်နိုင်ရန်၊ ပြောင်းလဲနေသော စွေးကွက်လိုအပ်ချက်များနှင့် ကိုက်ညီစေရန်နှင့် ဒေသတွင်း ထောက်ပံ့ရေးကွင်းဆက်များတစ်လျှောက်ရှိ ဝယ်ယူသူများ၊ မိတ်ဖက်များနှင့် ချိတ်ဆက်နိုင်ရန် ကူညီပေးမည်ဖြစ်ကြောင်း ဘရူနိုင်းနိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မိဟာမက် ယူဆရီ ဟာဂျီ ဂျူနဒီက ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဆွေးနွေးဖက်နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

ဘရူနိုင်းနိုင်ငံသည် ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းစဉ်များကို မြှင့်တင်ရန်နှင့် ပိုမိုပေါင်းစည်းမှုရှိသော၊ အားလုံးပါဝင်နိုင်သော၊ ခံနိုင်ရည်စွမ်းအားရှိသော အာဆီယံစီးပွားရေးစနစ်တစ်ခု ဖြစ်ပေါ်လာစေရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့်အတူ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်သွားမည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

အင်ဒိုနီးရှား၌ ရေခဲခြောက်နှင့် ဆားများ အသုံးပြု၍ မီးခိုးမြူကာကွယ်ရေးဆောင်ရွက်

ဂျကာတာ အောက်တိုဘာ ၂၀

အင်ဒိုနီးရှားနိုင်ငံရှိ တောမီးနှင့် မြေယာမီးလောင်မှုများဖြစ်နေသည့် ဒေသများတွင် ရေခဲခြောက်နှင့် ဆားများအသုံးပြု၍ မိုးတိမ်တိုက်များမှ မိုးရွာစေသည့်နည်းလမ်းဖြင့် မီးခိုးမြူကာကွယ်ရေး ဆောင်ရွက်လျက်ရှိပြီး အဆိုပါဆောင်ရွက်ချက်ကြောင့် ခရိုင်အချို့တွင် မိုးရွာသွန်းမှုများရှိကြောင်း သမ္မတရုံးဝန်ကြီး ပရာဆက်တိုဟာဒီက ပြောကြားသည်။


မိုးတိမ်များဖြစ်ပေါ်လာစေရန် ခြောက်သွေ့ရေခဲကို အသုံးပြုနေပြီး မိုးရွာသွန်းမှု ဖြစ်ပေါ်လာစေရန် ဆိုဒီယမ်ကလိုရိုက် (ဆား) ကြွေသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို တောင်ပိုင်း ဆူမားတြား၊ အလယ်ပိုင်း ကာလီမန်တန်၊ တောင်ပိုင်း ကာလီမန်တန်နှင့် အနောက်ပိုင်း ကာလီမန်တန် ပြည်နယ်များတွင် ဆောင်ရွက်နေသည်။ .

တောင်ပိုင်း ဆူမားတြားတွင် အောက်တိုဘာ ၁၆ ရက်မှစတင်၍ လေယာဉ်ခရီးစဉ် ၅စ်ကြိမ်ပြုလုပ်ခဲ့ပြီး ဆား ၁ ဒသမ ၆ တန်နှင့် ခြောက်သွေ့ရေခဲ လေးတန်ကို ကြဲချခဲ့သည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် PM 2.5 အမှုန်အမွှားပါဝင်မှု လျော့နည်းလာပြီး မြင်ကွင်းမြင်နိုင်စွမ်း မြင့်တက်လာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆင်ဟွာ

ထိုင်းနိုင်ငံ ဥဒုန်ဌာနီဒေသတွင် ဒိုင်နိုဆောရပ်ကြွင်းခြေရာများတွေ့ရှိ



ဗန်ကောက် အောက်တိုဘာ ၂၀

ထိုင်းနိုင်ငံ ဥဒုန်ဌာနီဒေသတွင် တွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်းခြေရာ ခြောက်ခုသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၁၂၀ ခန့်က အသားစား ဒိုင်နိုဆောတစ်ကောင်၏ ခြေရာများဖြစ်ကြောင်း ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက အတည်ပြုပြောကြားခဲ့ပြီး အဆိုပါနေရာကို သိပ္ပံနည်းကျလေ့လာမှုများနှင့် ခရီးသွားလုပ်ငန်းအတွက် အကာအကွယ်ပေးကာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိခြင်းနှင့်ပတ်သက်၍ သတ္တုအရင်းမြစ်ဆိုင်ရာဌာနက အောက်တိုဘာ ၂၀ ရက်တွင် အတည်ပြုပြောကြားခဲ့ပြီး ယခုဖြစ်စဉ်သည် နိုင်ငံအရှေ့မြောက်ပိုင်းတွင်တည်ရှိသည့် ဥဒုန်ဌာနီပြည်နယ်အတွက် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ယခု ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေတွေ့ရှိမှုနှင့်ပတ်သက်၍ စစ်ဆေးမှုများဆောင်ရွက်ရန် ရုပ်ကြွင်းကာကွယ်ရေးဌာနခွဲနှင့် ဒေသဆိုင်ရာရုံးခွဲအမှတ် (၂) အပါအဝင် Phu Hin Chom That–Phu Phra Bat အမျိုးသားဥယျာဉ်၊ အနုပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် နီပွန် ချန်ဖွန်ဆီရီဆက်က ပြောကြားသည်။

စစ်ဆေးတွေ့ရှိချက်များအရ သိရှိပေါ်ဒဲမျိုးစုဝင် ဒိုင်နိုဆောတစ်ကောင်၏ ခြေရာ ခြောက်ခုပါဝင်သည့် ခြေရာလမ်းကြောင်းတစ်ခုအား ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခြေရာတစ်ခုစီတွင် ထင်ရှားသော ခွဲခွဲထက်သည့် ခြေမသုံးချောင်းပါရှိပြီး အလျား ၂၉ စင်တီမီတာနှင့် အနံ ၂၆ စင်တီမီတာရှိကြောင်း သိရသည်။

ယခုဒိုင်နိုဆောရုပ်ကြွင်းတွေ့ရှိသည့် နေရာအား ကာကွယ်ထားသည့် ဇုန်တစ်ခုအဖြစ် သတ်မှတ်ပေးရန် သတ္တုသယံဇာတအရင်းအမြစ်ဌာနက အဆိုပြုထားကြောင်း သိရသည်။

ဗန်ကောက်ပို့စ်

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားသုံးဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၀

ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများကဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာဖိလစ်ပိုင်နိုင်ငံသံရုံးမှ Case Officer and Interpreter Ms. Maria Alexandra G.Contreras နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတဘက်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၉၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၁၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၉၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၄၇၁ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၁၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသမီးတစ်ဦးကို ကိုရီးယားနိုင်ငံသားဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၂၀

အမျိုးသမီးတစ်ဦးကို ကိုရီးယားနိုင်ငံသားဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ချမှတ်ပြီး တိမ်းရှောင်တရားခံ အေးအေးဝင်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။


ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ခ) ရပ်ကွက် မြရတနာ (၅)လမ်းနေ အမျိုးသမီးတစ်ဦးကို ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ထီးတန်းရပ်ကွက် ထီးတန်း ကမ်းနားလမ်းနေ သိမ့်သိမ့်နွေးနှင့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဝဇီယာ(၆)လမ်းနေ အေးအေးဝင်းတို့က ကိုရီးယားနိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းပါက တင်တောင်းငွေကျပ်သိန်း ၁၀၀ ရရှိမည်၊ လစဉ်ထောက်ပံ့ကြေးရရှိရေးနှင့် ကိုရီးယားနိုင်ငံ၌ မိသားစုများ အလုပ်ရရှိရေးဆောင်ရွက်ပေးမည်ဟု ပြောဆိုစည်းရုံးပြီး ကိုရီးယားနိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ဆောင်ရွက်ခဲ့ကြောင်း စီစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ ကြည့်မြင်တိုင်မြို့နယ် ကြည့်မြင်တိုင်မြို့မရဲစခန်း (၀)၁၀၈/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၀ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၁၉ ရက်တွင် အလုံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သိမ့်သိမ့်နွေးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အေးအေးဝင်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ်အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှုကို တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတို့ကိုဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံတစ်လုံးအား ယနေ့အထိ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။


ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀







တပ်မတော်စစ်ကြောင်းများက အင်းတော်-ဝန်းသို့-ကောလင်းလမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်းလမ်းကြောင်းများပေါ်တွင် အခြေပြု၍ခရီးသွားပြည်သူများကို ဆက်ကြေးကောက် အနိုင်ကျင့်နေသော အကြမ်းဖက်အဖွဲ့များ၏အခြေပြုစခန်းများအား ရှင်းလင်းတိုက်ခိုက်မှုဖြစ်စဉ်ပြပုံ။

❖ ကျောဖုံးမှ

ဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ခြင်းများ လုပ်ဆောင်ခဲ့ပြီး အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် အခြေပြု၍ ခံစစ်စခန်းများ တည်ဆောက်ကာ ခရီးသွားပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်း၊ ပြည်သူများကို ဖမ်းဆီးနှိပ်စက်ခြင်း၊ ၎င်းတို့အလိုမကျပါက သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အတွက် ဒေသခံများ အနေဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများဖြစ်ပေါ်ကာ စားရေရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများ မရောက်ရှိတော့ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများပြတ်လပ်ပြီး ကုန်ချောများလည်း ဈေးကွက်သို့ မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုစီးပွား ဘဝများ ချွတ်ခြုံကျဆင်းလာသည့်အပြင် အကြမ်းဖက်သမားများ၏ အနိုင်ကျင့်နှိပ်စက်မှုများကိုလည်း ခါးသီးစွာ ခံစားရလျက်ရှိသည်။

ထိုကြောင့် တပ်မတော်စစ်ကြောင်းများက ပြည်သူလုထုအတွက် အဓိကအရေးပါသော အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ကိုလည်း ၂၀၂၆ ခုနှစ်၊ မေလ ၆ ရက်တွင် အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသတွင်းကုန်စည်စီးဆင်းရရှိနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းသည် နောက်ကျိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး မြဝတီအသင်း ဂိုးသမား အိတာရာသည် ပင်နယ်တီအပါအဝင် သေချာပေါက် ဂိုးသွင်းခွင့်အချို့ကို ကာကာကွယ်နိုင်ခဲ့သဖြင့် သစ္စာအားမာန်အသင်း အနိုင်ရရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၈၈ မိနစ်တွင် ဖြူနှင်းသွယ်၊ ၉၀+၁ မိနစ်တွင် ငယ်ငယ်ထွေးတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို သစ္စာအားမာန်အသင်းမှ ဝေဖူးအိမ်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် (၁၁) နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ညီညီမင်း (ML)

❖ မြန်မာအမျိုးသမီးမှ

ပဒေသာကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရန်ကုန်စီးတီးအသင်းကို လေးဂိုးပြတ်အနိုင်ရရှိသည်။ ဒုတိယနေရာမှ လက်ရှိချန်ပီယံ ဧရာဝတီအသင်း နိုင်ပွဲပျောက်ဆုံးမှုကို အား/ကာသိပ္ပံအသင်း အခွင့်ကောင်းယူခဲ့ပြီး ဂိုးပြတ်နိုင်ပွဲနှင့်အတူ အမှတ်ဖြတ်ဦးဆောင်နိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ပထမပိုင်းသွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ၂ မိနစ်တွင် မိုးမစိုး၊ ၁၁ မိနစ်တွင် လင်းမြင့်မိုရ် ၃၅၊ ၄၄ မိနစ်တွင် သန်းသန်းနွယ် တို့က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို အား/ကာသိပ္ပံအသင်းအတွက် နှစ်ဂိုးသွင်းယူခဲ့သည့် သန်းသန်းနွယ်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်

ဒူးယားမြို့၌ မီးဘေးအသိပညာပေး ဟောပြော

ဟင်္သာတ အောက်တိုဘာ ၂၀

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဒူးယားမြို့နယ်မြေ မီးသတ်စခန်း၌ အောက်တိုဘာ ၁၉ ရက်က ပြင်းထန်အယ်လ်နီညို ရာသီဥတု ဖြစ်စဉ်နှင့်ပတ်သက်သည့် မီးဘေးအသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မီးဘေးအန္တရာယ် သတိပြုဆင်ခြင်နိုင်ရန်နှင့် မီးဘေးလုံခြုံရေးတို့နှင့်ပတ်သက်၍ မြို့နယ်မီးသတ်ဦးစီးမှူး၊ ဒူးယားနယ်မြေရဲစခန်းမှူး၊ မြို့လျှပ်စစ်အင်ဂျင်နီယာရုံးတာဝန်ခံနှင့် စိုက်ပျိုးရေးတာဝန်ခံတို့က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)



သန်လျင်မြို့နယ် သီတဂူဗုဒ္ဓတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဆရာတော်၊ ကထိကဆရာတော်များနှင့် စာသင်သားသံဃာတော်အရှင်သူမြတ်တို့အား အောက်တိုဘာ ၁၇ ရက်က သန်လျင်မြို့နယ် လဝက ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက UID ကောက်ယူ ဆောင်ရွက်ပြီး ဆရာတော်ထံ ဆက်ကပ်စဉ်။ သန်းဝင်း(သန်လျင်)

သံဖြူဇရပ်မြို့နယ် သမဝါယမအသင်းစုလိမိတက်၏ အမှုဆောင်အသစ်ရွေးချယ်

သံဖြူဇရပ် အောက်တိုဘာ ၂၀

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြို့နယ်သမဝါယမအသင်းစုလိမိတက်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ခြင်းကို ယနေ့ နံနက်ပိုင်းက သမဝါယမဦးစီးဌာနခွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမအသင်းစုလိမိတက်၏ သဘာပတိအသင်းဥက္ကဋ္ဌဦးစံသောင်းနှင့် မွန်ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးတို့က အမှာစကားပြောကြားပြီး အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ပြုလုပ်သည်။

ထို့နောက် ပြည်နယ်သမဝါယမမဖွဲ့စည်းရေး ကော်မတီဥက္ကဋ္ဌက အမှုဆောင်ရွေးချယ်ပွဲနှင့်စပ်လျဉ်းသည့် သမဝါယမအသင်းကို ပြင်ဆင်သည့်အသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားကာ အမှုဆောင်သစ်ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ပြီး အသက်(၇၀)တိုင် အောင် အမှုဆောင်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သော အမှုဆောင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် မူပိုင်ခွင့်ဆိုင်ရာဥပဒေများ၊ မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာ မူခင်းများနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေး

မန္တလေး အောက်တိုဘာ ၂၀

ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် မူပိုင်ခွင့်ဆိုင်ရာဥပဒေများ၊ မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာ မူခင်းများနှင့်စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ဒုတိယထပ် အစည်းအဝေးခန်းမ၌ Online /In person (Hybrid) စနစ်ဖြင့် ကျင်းပသည်။



မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများ၊ မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာ မူခင်းများနှင့်စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကို၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တိုင်းဒေသကြီး တရားရေးဦးစီးမှူးက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲတွင် တောင်ကြီးခရိုင်တရားရုံး ခရိုင်တရားသူကြီးက New Features of TM Law; Standing to sue & Jurisdictional Issues of IP Court၊ မရမ်းကုန်းခရိုင်တရားရုံး ခရိုင်တရားသူကြီးက ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ချိုးဖောက်မှု အပေါ် လေ့လာတင်ပြခြင်း၊ အောင်မြေသာစံ ခရိုင်တရားရုံး ဒုတိယခရိုင် တရားသူကြီးက မူပိုင်ခွင့်ချိုးဖောက်မှု ဆိုင်ရာ မူခင်းများနှင့် တရားရုံး၏ အခန်းကဏ္ဍ၊ ကျောက်ဆည်မြို့နယ် တရားရုံး တွဲဖက်မြို့နယ်တရားသူကြီးက တီထွင်မှု မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ ရရှိနိုင်သည့် ဥပဒေ ဆိုင်ရာအခွင့်အရေးများ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဒဂုံမြို့နယ် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ အောက်တိုဘာ ၁၈ ရက်တွင် လာရောက်လေ့လာကြရာ သုတေသီ ရည်ညွှန်းစာဖတ်ခန်း၊ မော်ကွန်းသိမ်းဆည်းခန်း၊ စက္ကူမဟုတ် မှတ်တမ်းသိမ်းဆည်းခန်း၊ Digitization ခန်း၊ Microfilm ရိုက်ကူးခန်း၊ မှတ်တမ်းမော်ကွန်း ပြုပြင်ထိန်းသိမ်းခန်းနှင့် မော်ကွန်းပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြစဉ်။ နေလင်း(ပြန်/ဆက်)

* မြန်မာ ယူ - ၁၅ မှ

စိုင်းခမ်းစိုး၊ ကောင်းသူရ၊ အောင်လ၊ စိုင်းနော်မိန်း၊ ရှေ့တန်း-ကျော်ဘီလေး၊ ဘုန်းမြင့်မြတ်တို့ ပါဝင်ကြသည်။ ဘောလုံးပွဲတော် ဖြစ်သောကြောင့် ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် ကစားသမား ၁၄ ဦးသာ ရွေးချယ်ခွင့်ပြုထားသည်။

ယှဉ်ပြိုင်ကစားရမည်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် ယင်းပြိုင်ပွဲကို ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ဖီဖာအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဂါနာ၊ ဘာဟားမား၏ ဂူအမ်၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲများကို အချို့ရက်များတွင် တစ်နေ့တည်း နှစ်ပွဲ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် ဂူအမ်အသင်း၊ အောက်တိုဘာ ၂၅ ရက်တွင် ဂါနာအသင်း၊ ဘာဟားမားစ်အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ကာဇက်စတန်အသင်း၊ ဥဇဘက်ကစ္စတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - MFF

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဦးငိုက်ခေါ်	ဟားခါး
92 Ron	၄၇၀၅	၄၈၆၀	၄၈၁၀	၄၇၂၀	၄၈၆၅	၄၈၈၀	၄၉၁၀	၄၇၉၀	၅၁၆၀	၅၁၉၀	၄၈၁၀	၄၉၆၅	၄၉၁၀	၄၈၆၀	၄၈၄၀	၅၁၀၀
95 Ron	၄၈၅၀	၅၀၀၅	၄၉၅၅	၄၈၆၅	၅၀၁၀	၅၀၂၅	၅၀၅၅	၄၉၃၀	၅၂၀၅	၅၂၃၀	၄၉၅၅	၅၀၃၀	၅၀၀၅	၅၀၀၅	၅၀၀၅	၅၂၅၅
HSD (500 ppm)	၄၄၈၅	၄၆၄၅	၄၅၉၀	၄၅၆၀	၄၆၄၀	၄၆၆၅	၄၆၆၅	၄၅၇၀		၄၉၉၀	၄၅၉၀	၅၀၆၀	၄၆၆၅	၄၆၄၅	၄၆၄၅	၄၈၆၅
HSD (50 ppm)	၅၄၄၀	၅၅၉၅	၅၅၄၅	၅၄၄၅	၄၆၆၀	၄၆၆၅	၄၆၆၀	၅၅၂၅	၅၈၉၅	၅၉၂၅	၅၅၄၅	၅၅၇၀	၄၆၆၅	၅၅၉၅	၄၆၆၅	၅၈၀၅
HSD (10 ppm)	၅၄၄၀	၅၅၉၅	၅၅၄၅	၅၄၄၅	၄၆၆၀	၄၆၆၅	၄၆၆၀	၅၅၂၅		၅၉၂၅	၅၅၄၅	၅၅၇၀	၄၆၆၅	၅၅၉၅	၄၆၆၅	၅၈၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၇၆	၄၅၉၉
95 Ron	၄၆၁၆	၄၇၄၂
HSD (500 ppm)	၄၂၇၀	၄၃၉၃
HSD (50 ppm)	၅၁၁၀	၅၂၂၂
HSD (10 ppm)	၅၁၁၀	၅၂၂၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူဓါတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၅၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ညောင်ဦးမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ညောင်ဦး အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆောင်သော ဝန်ထမ်းများသည် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲလာပြီး ပြည်သူများအနေဖြင့် အပူဒဏ်ကိုသတိပြုကာကွယ်နိုင်ရန် အောက်တိုဘာ ၁၈ ရက်က အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း





၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ် မောင်မယ်များသည် နိုင်ငံတကာ ယဉ်ကျေးမှုဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန် အတွက် ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ကြမည်ဖြစ်ရာ အဆိုပါ လေ့လာရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

အဆိုပါ ထူးချွန်လူငယ်များ ပါဝင်သည့် လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တင်မင်းလတ်နှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၏မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး လိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ထူးချွန်လူငယ်များ ပါဝင်သည့် လေ့လာရေးအဖွဲ့တွင် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်း မိသားစုဝင် သား၊ သမီးများမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး လူရည်ချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူ ခုနစ်ဦး၊ ဂုဏ်ထူးသုံးဘာသာဖြင့် အောင်မြင်သည့်စစ်သည် နှစ်ဦး၊ ကျောင်းအုပ်ကြီးတစ်ဦး၊ အုပ်ချုပ်မှုတာဝန်ခံ လေးဦး စုစုပေါင်း ၃၀ တို့ ပါဝင်ကြပြီး ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၂၆ ရက်အထိ လေ့လာရေးခရီးစဉ် ကာလအတွင်း ဗီယက်နမ်နိုင်ငံရှိ FPT Software Center နှင့် Viettel Academy၊ ဗီယက်နမ် Data Base စီမံခန့်ခွဲရေးကုမ္ပဏီ၏ Data Center၊ ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးတက္ကသိုလ် (Quoc Tu Giam)ရှိ စာပေဗိမာန်(Temple Of literature)၊ ဗီယက်နမ်နိုင်ငံ၏ သက်တမ်းအရှင်ဆုံး ဘုရားကျောင်းများထဲမှ တစ်ဆူဖြစ်သည့် West Lake ရှိ ဗုဒ္ဓဘာသာဝင်တို့၏ Tran Quoc ဘုရားကျောင်း၊ ရှေ့ဟောင်းမြို့တော် Hoa Lu မြို့၊ ကမ္ဘာ့အမွေအနှစ်နေရာများဖြစ်သည့် Trang An (ထရန်အန်)၊ Holong Bay နှင့် အခြားအထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော် အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သား၊ သမီးများ၊စစ်မှုထမ်းဟောင်းမိသားစုဝင် သား၊ သမီးများနှင့် စစ်သည် အစားခန့် အရပ်သားအမှုထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များအား ၂၀၂၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသို့ သွားရောက်လေ့လာကြမည့် မျိုးဆက်သစ် ထူးချွန် ကျောင်းသား ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ပြောကြားမှုများကို ယခုကဲ့သို့ ကြားသိရပါသည်-

မောင်ရဲထက်ကျော်
ခြောက်ဘာသာဂုဏ်ထူးရှင်

ကျွန်တော်က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဂုဏ်ထူးခြောက်ဘာသာ၊ အမှတ်ပေါင်း ၅၃၄ မှတ်နဲ့ အောင်မြင်ခဲ့ပြီးတော့ ၂၀၂၆ ခုနှစ် Grade 12 လူရည်ချွန် တစ်ယောက်လည်း ဖြစ်ပါတယ် ခင်ဗျ။ ကျွန်တော်က စာမေးပွဲ



အောင်ဖို့အတွက် ကျက်မှတ်ခဲ့တဲ့ ပုံစံမျိုးမဟုတ်ဘဲ စာတွေကို လုံးဝ နားလည်တဲ့အထိလေ့လာမှတ်သားခဲ့ပါတယ်၊ နားမလည်တဲ့စာတွေကို လည်း ဆရာ ဆရာမတွေရဲ့ အကူအညီနဲ့ ကြိုးစားလေ့လာခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင် အချိန်ဇယားတွေ ရေးဆွဲခဲ့တယ်၊ စာတွေကို ပုံမှန်လုပ်တယ်၊ ကျွန်တော် အားမရတဲ့ ဘာသာတွေကို ပိုပြီးတော့ အချိန်ပေးလုပ်ဖြစ်ခဲ့ပါတယ်ခင်ဗျ။ ကျွန်တော့်မိဘတွေရဲ့ အားပေးမှုတွေ၊ ဆရာ ဆရာမတွေရဲ့ လမ်းညွှန်သင်ပြမှုနဲ့ ကျွန်တော်ကိုယ်တိုင်ရဲ့ ကြိုးစားအားထုတ်မှုကြောင့် ယခုလို အောင်မြင်မှုမျိုး ရရှိခဲ့တာပဲ ဖြစ်ပါတယ်ခင်ဗျ။ အခု ဒီလေ့လာရေးခရီးစဉ်မှာ ဗီယက်နမ်နိုင်ငံရဲ့ နည်းပညာနဲ့ ပညာရေးကဏ္ဍတွေကို အဓိကထားပြီး လေ့လာသွားမှာပဲ ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ နာမည်ကြီး ကုမ္ပဏီဖြစ်တဲ့ Viettel Company ရဲ့ ဆော့ဝဲလ်တွေ အကြောင်း၊ Tele Company ရဲ့ အကြောင်းတွေကို လေ့လာသွားမှာပဲ ဖြစ်ပါတယ်။ အခုလို လေ့လာရေးခရီးစဉ် သွားရတဲ့ အခွင့်အရေးကို သေချာအသုံးချပြီး တော့ လေ့လာမှတ်သားခဲ့သမျှတွေကို အများပြည်သူနဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်အတွက် အကျိုးရှိစွာ အသုံးချသွားမှာ ဖြစ်ပါတယ်။ အနာဂတ်မှာလည်း ကျွန်တော်ဟာ အများပြည်သူနဲ့ တိုင်းပြည်ကို အကျိုးပြုနိုင်မယ့် ဆရာဝန်ကောင်း တစ်ယောက်အနေနဲ့ ဆက်လက် ကြိုးပမ်းသွားမှာပဲ ဖြစ်ပါတယ်။ ဦးလေး ဦမေလေးတွေအတွက် ကတော့ ကိုယ့်ရည်မှန်းချက်ရှိတာကို တစိုက်မတ်မတ်လုပ်ပြီးတော့ မဆုတ်မနစ် ကြိုးစားဖို့ပဲဖြစ်ပါတယ်။ လျှောက်တဲ့လမ်းကို လည်း အဆုံးထိ ဆက်သွားဖို့ အားပေးချင်ပါတယ်။ အခု ကျွန်တော်တို့လို ထူးချွန်ကျောင်းသား ကျောင်းသူတွေကို လေ့လာရေးခရီးစဉ် ဆောင်ရွက်ပေးတဲ့ အတွက် နိုင်ငံတော်သမ္မတကြီးနဲ့ တကွ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နောက်ပြီးတော့ ဒီ MEC က စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိလူကြီးမင်းအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျ။

မသင်ငြိမ်းအေး
လေးဘာသာဂုဏ်ထူးရှင်

ကျွန်မက အထက (၁) ဟူမွေလင်းကနေပြီးတော့မှ ဂုဏ်ထူးလေးဘာသာနဲ့ အောင်မြင်ခဲ့တဲ့ နှစ်ထပ်ကွမ်း လူရည်ချွန်



တစ်ယောက် ဖြစ်ပါတယ်။ Grade 12 ကာလအတွင်းမှာ ဆိုရင် ဆရာတွေ ချမှတ်ပေးခဲ့တဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း၊ လမ်းညွှန်ချက်တွေ အတိုင်း၊ အချိန်ဇယားတွေ အတိုင်းကို သေသေချာချာ လိုက်လုပ်ဖြစ်ခဲ့ပါတယ်။ ပုံမှန်ခြောက်ဘာသာ လုံးကို တစ်နေ့စာတစ်နေ့ မျှမျှတတနဲ့ လေ့လာဖြစ်ခဲ့ပါတယ်။ ကျွန်မအနေနဲ့ ပထမဆုံး ရည်မှန်းချက်ကတော့ ဆရာဝန် တစ်ယောက် ဖြစ်ချင်တာပါ။ ဒီဆရာဝန်ကနေ ပြီးတော့မှ ပရဟိတလုပ်ငန်းတွေ၊ ဆေးပညာ အခြေပြုပြီးတော့မှ လူကုန်ကူး ခံရမှုနဲ့ပတ်သက်တဲ့ ပရဟိတ လုပ်ငန်းတွေလည်း လုပ်ချင် ပါတယ်။ ပထမဆုံးအနေနဲ့ ဒီခရီးစဉ်ကို စီစဉ်ပေးတဲ့ လူကြီး တွေကို ကျေးဇူးတင်စကားပြောချင် ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့လိုမျိုး ကျောင်းသားတွေ ကို အထူးတလည် အခွင့်အလမ်း ပေးပြီးတော့မှ နိုင်ငံသစ်မှာ အတွေ့အကြုံသစ်တွေ၊ ဗဟုသုတ အသစ်တွေကို ရှာဖွေခွင့်ပေးတဲ့ အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်ရှင့်။ ဒီဗီယက်နမ် နိုင်ငံဟာ နည်းပညာတိုးတက်တဲ့ နိုင်ငံဖြစ်လို့ ဒီနိုင်ငံရဲ့ တိုးတက်နေတဲ့ နည်းပညာတွေကို ပထမဦးဆုံး လေ့လာချင်ပါတယ်။ နောက်ပြီး တော့မှ ဒီနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေ အနှစ်တွေ၊ ရှေးဟောင်းဗိသုကာ လက်ရာတွေကို လေ့လာချင်ပါ တယ်ရှင့်။



ဒုတိယတပ်ကြပ် ပြည့်ဖြိုးသူ
သုံးဘာသာဂုဏ်ထူးရှင်

ကျွန်တော်က အမှတ်(၂) ပညာရေးကျောင်း မိတ္ထီလာမြို့မှ ပထဝီ၊ သမိုင်း၊ ဘောဂဂုဏ်ထူး သုံးဘာသာနဲ့ အောင်မြင်ခဲ့ပါတယ်။ နှစ်စက နေစပြီးတော့ စာကိုပဲ တစိုက်မတ်မတ် သေချာအာရုံစိုက်ပြီး ကြိုးစားခဲ့ပါတယ်။ လက်ရှိ ခရီးစဉ်မှာ ကျွန်တော်တို့ အဓိက အနေနဲ့ကတော့ နည်းပညာပိုင်း တွေကို လေ့လာသွားမှာဖြစ်ပါ တယ်။ နိုင်ငံတော်၊ တပ်မတော်နဲ့ ပြည်သူတွေအတွက် အားကိုး အားထားရတဲ့ တပ်မတော် သားကောင်းတစ်ယောက် ဖြစ် လာဖို့ ရည်မှန်းထားပါတယ် ခင်ဗျ။

ကာတွန်း



ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သင်၏ FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ကမ်ပိန်းပေါင်းများစွာ အမည်တပ်ခွက်ခေါက်ပြီး ကိုယ်ကျိုးရှာတော်လုန်ရှင်သန်ရင်း ပြည်တွင်းစစ်မီး မွေးနေဆဲ NUG၊ PDF အကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် **"အတူလက်တွဲဖော်ဆောင်မှုရမည့် ငြိမ်းချမ်းရေးတွင် အစွန်းရောက် တစ်ဖက်ပိတ် NUG၊ PDF အဖွဲ့အစည်းအားလုံး မှန်ကန်တဲ့အသိတရား ရှိရှိပါဝင်ဖို့လိုအပ်"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည် ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

ကျုံပျော်မြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

ကျုံပျော် အောက်တိုဘာ ၂၀

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသက် ၉ လမှ ၅၉ လအရွယ် ကလေးများအား ဝက်သက်၊ ဂျိုက်သိုး ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို အောက်တိုဘာ ၁၉ ရက်က စတင်ဆောင်ရွက်သည်။



လာရောက်ကြည့်ရှု

ကာကွယ်ဆေး ထိုးနှံနေသည့် မိခင်နှင့်ကလေးကျန်းမာရေးဌာနဆေးထိုးစုရပ်သို့ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ လာရောက်ကာ ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ကျုံပျော်မြို့နယ်ရှိ ကျန်းမာရေးဌာနများ၌ ကလေးစုစုပေါင်း ၃၈၉၁ ဦးအား ကာကွယ်ဆေးထိုးနှံခြင်း၊ ကိုယ်အလေးချိန် ချိန်ခြင်း၊ လက်မောင်းလုံးပတ် တိုင်းခြင်းများကို ဆောင်ရွက်ကြပြီး ကျေးလက်ကျန်းမာရေးဌာန ဌာနခွဲများရှိ ကာကွယ်ဆေးထိုးစုရပ်များတွင် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေဝင်းမြင့် (ပြန်/ဆက်)

တောင်ကြီးမြို့နယ်သမဝါယမအသင်းစု အမှုဆောင်ရွေးချယ်ပွဲ ကျင်းပ



တောင်ကြီး အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲကို အောက်တိုဘာ ၁၈ ရက်က ကျင်းပရာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဦးစီးမှူးက အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ရွေးချယ်ခံရသော အမှုဆောင်သစ်များအား တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး တောင်ကြီးမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌအသစ်က မိတ်ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ပိုးတောင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် HTOO (စက်သုံးဆီအရောင်းဆိုင်)အား အောက်တိုဘာ ၁၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ မြင့်မြင့်ရဲ





မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁)စည်ပင်သာယာမြို့မဈေးကြီး၌ အောက်တိုဘာ ၁၉ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြစဉ်။

ဘာမီသာ(ပခုက္ကူ)

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

မြန်မာ့အသံနှင့်ခွပ်မြင်သံကြား

၂၁-၁၀-၂၀၂၃ မုဒုဟူးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှုန်ဖြူသောနိုင်ငံတော် သံဃမဟာနာယကအဖွဲ့အရာထမ်များ ပရိတ်တရားတော်ရွတ်တော်မူတော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ၂၀၂၆ခုနှစ်၊ (၇)ကြိမ်မြောက်မြန်မာ့ကိုရာ ယဉ်ကျေးမှုအဆိုးအကား အရေးအသား အတိုဆိုပြိုင်ပွဲ ဂွင်္ဂါအသင်းအများ၊ အစီအစဉ်
၁၀:၂၅ ကမ္ဘာတစ်လွှားနယူးယောက်များ
၁၁:၃၀ နိုင်ငံစီးပွားရေးဦးတင်ပို့ဖိုက်ပျိုးထုတ်လုပ်ခြင်း ဆောင်ရွက်ကြပုံ
၁၃:၀၅ ဂျွန်ဇင်အလှုပဏာဒီတာ
၁၃:၃၀ MRTV National News
၁၅:၃၀ Weekly Soccer Preview
၁၆:၄၀ မင်္ဂလာမျှော်လင့်ခြင်းသယ်ယာဇြေ
'ကော်ဖီအောင်ခြင်းစိုက်ပျိုးရေးနည်းဗျာဇြေ'
၁၇:၁၀ NEXT LEVEL
၁၇:၂၅ မြန်မာ့ဂေါ်ဆန်းကမ္ဘာလှည်း တစ်ဒေတ်ဆန်းရာပည်
၁၈:၃၅ သံစဉ်တခြားစတီရီယိုတေးကမ္ဘာ
၁၉:၀၀ လွတ်တော်သတင်း
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'စံဘိဝံတဿဝါ' (အပိုင်း-၀၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ နိုင်ငံရေးသတင်းခြေအေး
၂၁:၀၀ လွတ်တော်ရေးရာအစီအစဉ်
၂၁:၁၅ ၂၀၂၆ခုနှစ်၊ (၇)ကြိမ်မြောက်မြန်မာ့ကိုရာ ယဉ်ကျေးမှုအဆိုးအကား အရေးအသား အတိုဆိုပြိုင်ပွဲ ဂွင်္ဂါအသင်းအများ၊ အစီအစဉ်
၂၂:၂၅ သံစဉ်ခွဲမြန်မာတေးအလှ
၂၂:၃၀ ပေတ္တာလွှေတောင်း၀ဓုရသာဇာတ်တော်ကြီး (ဒုတိယပိုင်း)

mitv

07:01 Evergreen Classic: Aung Chin Shit Par
07:12 The Art of Sand Painting
07:21 Faith & Worship (Part-2)
07:47 Travelling On Public Holiday
08:26 Successful and Innovative Myanmar MSMEs; Theikdi Pwint
Myanmar Traditional Medicine
08:39 Xylophones's Home
09:01 Tour around Kyaukse
09:17 Life of A Farmer
09:44 Inlay Traditional Lotus Fabric

Me

၀၆:၀၀ အတွင်း၀ဓုပုဂံတေးသီချင်းများ
၀၆:၃၀ ကာတွန်း 'ချစ်စရာသုံးယောခု' (အပိုင်း-၁၆)
၀၆:၄၅ မြန်မာသံစဉ်ဝတ္ထုများ
၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ 'ဝန်းမျိုးသည်ဆွေ' (အပိုင်း-၁၇)
၀၈:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တန်ခေါင်အပြုံးနဲ့အမုန်း' (အပိုင်း-၂၀)
၀၈:၄၅ ၂၀၂၆ခုနှစ်၊ (၇)ကြိမ်မြောက်မြန်မာ့ကိုရာ ယဉ်ကျေးမှုအဆိုးအကား အရေးအသား အတိုဆိုပြိုင်ပွဲ ဂွင်္ဂါအသင်းအများ၊ အစီအစဉ်
၁၁:၃၀ ရာမာယဏဇာတ်တော်ကြီး

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၈:၀၀)
ရသာချိုမြိန် ချင်းမိုးချမ်းတင်းညပိုင်
ချင်း (ချိုး) (၀၈:၀၀ မှ ၀၈:၀၀)
ပဒိုးအိမ်နေးသို့အလည်တစ်ပတ်
မူန် (၀၈:၀၀ မှ ၁၀:၀၀)
၂၀၂၆ခုနှစ်၊ (၇)ကြိမ်မြောက်မြန်မာ့ကိုရာ ယဉ်ကျေးမှုအဆိုးအကား အရေးအသား အတိုဆိုပြိုင်ပွဲ ဂွင်္ဂါအသင်းအများ၊ အစီအစဉ်
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
မြန်မာပြည်တစ်လွှားလျှောထီးအာထိရိုင်ဟင်းလျာများ
ရွမ်း (၁၂:၀၀ မှ ၁၃:၀၀)
နှစ်ပါင်းရည်ညှာကြာတည်မြဲမိတဲ့အိုးလက်ရာ
၀ (၁၃:၀၀ မှ ၁၆:၀၀)
သစ်ကြားသီးနှင့်ကျန်းမာရေး
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
လီဆူမိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
ကယား (၁၈:၀၀ မှ ၂၀:၀၀)
အုန်းမိန်းညှင်းကျန်းမာရေး
ဗဟကရင် (၂၀:၀၀ မှ ၂၁:၀၀)
ဟလကသီးပုပေးသောသင်ခန်းစာ
ဘဆွေကျိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ကရင်ပြည်ရွာကလေးရဲ့ဒေါ်ငင်ညီမျိုး
ဘရွှေပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
ကရင်မိုးရာအထည်ဆိုင်ပုံနှင့်အဲ့ဒေလိန်းအင်တာဗျူး

MRTV NEWS

၀၆:၀၀ အတွင်းတေးသီချင်း
၀၆:၀၅ လှပ်ရပ်ရာများအာဏာစား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်းကုဏ္ဍ (LIVE)
၁၈:၁၅ အမိုက်မုသည် အာဟာရခြစ်ဖိုသို့ EM Bokashi
၂၀:၄၅ နေ့ရှင်းသန့်သိပ္ပံဒေတ် (Razor)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၄၅ Festivals Around The World
၂၁:၄၅ လွှတ်တော်ရေးရာအစီအစဉ်

MRTV PARLIAMENT

၀၇:၀၀ အတွင်းအလံ
၀၇:၃၀ လွှတ်တော်ရေးရာအစီအစဉ်
၀၇:၅၅ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့တိုက်ဖိုက်ထုတ်လွှင့်မှု
၁၃:၀၀ လွှတ်တော်သတင်း (၂၀-၁၀-၂၀၂၃)

MRTV FARMERS

၀၆:၀၀ အတွင်းနိုင်ငံတော်သီချင်း
၀၆:၁၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ MSME မြို့နှင့်အတွင်းအလမ်း
၀၇:၃၅ ဗဟိုမှုနှာမြစ်ရာခရမင်္ဂလာဒေသသီမှ ဟင်းသီးဟင်းရွက်များ
၀၈:၀၀ ဇာတ်ရာမှတ်ရာဆောင်းပါးကဏ္ဍ
၁၆:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဖာဃာဖြို့ခြဲ' (အပိုင်း-၂)

MRTV SPORTS

၀၆:၀၀ အတွင်း
၀၆:၂၀ လူငယ်တို့အတွက်လမ်းမြောက်ပြ
၀၆:၄၅ Sports Diary
၀၇:၄၀ Weekly MNL Review
၀၈:၀၀ ၂၀၂၃ခုနှစ်၊ လုံခြုံဘေးကင်းစေရေး ပိုက်ကွက်ခြင်းပြိုင်ပွဲ (အမျိုးသားငွေယောက်ဘဲ) (ပိုလိုလွှဲ) (Replay)
၁၀:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel



ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်

ဘားအံ အောက်တိုဘာ ၂၀

ကရင်ပြည်နယ်အတွင်း အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပ၍ အရည်အချင်းရှိသည့် မျိုးဆက်သစ် လူငယ်အားကစားသမားများကို ပြုစုပျိုးထောင်ပေးလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီးရှိ ပြည်နယ်ဖူဆယ် အားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ဖူဆယ်အသင်း ခုနစ်သင်း အားကစားသမား ၇၀ က အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဗိုလ်လုပွဲစဉ်အနေဖြင့် ဘားအံမြို့နယ်အသင်းနှင့် သံတောင်ကြီးမြို့နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖူဆယ်အားကစား ဝါသနာရှင်များက ကြည့်ရှုအားပေးကာ အဆိုပါ ဗိုလ်လုပွဲစဉ်တွင် ဘားအံမြို့နယ်အသင်းက သံတောင်ကြီးမြို့နယ်အသင်းကို သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများက နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုတို့ကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးဝင်းက တတိယဆုရရှိသည့် ဖာပွန်မြို့နယ်အသင်းအား တစ်ဦးချင်းလည်ဆွဲဆုနှင့် ငွေသားဆုတို့ကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွှန့်လင်းက ဒုတိယဆုရရှိသည့် သံတောင်ကြီးမြို့နယ်အသင်းအား တစ်ဦးချင်းလည်ဆွဲဆုနှင့် ငွေသားဆုတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

၂၀၂၆ ခုနှစ် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် မြန်မာရေကူးအားကစားအဖွဲ့မှ ညီညီလင်းထက်က ဒုတိယမြောက်ကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရရှိ

နေပြည်တော် အောက်တိုဘာ ၂၀

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ကျင်းပလျက်ရှိသည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ မြန်မာမသန်စွမ်းအားကစားအဖွဲ့ ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်ကျော်ကျော်ဦးနှင့်အတူ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ (လေ့ကျင့်) ဦးဝင်းမြင့်၊ အုပ်ချုပ်သူ/နည်းပြများနှင့် မသန်စွမ်းအားကစားသမား စုစုပေါင်း ၁၅ ဦးတို့သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်း မှစတင်၍ ပြေးခုန်ပစ်၊ ရေကူးအားကစားနည်း နှစ်နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာမသန်စွမ်း ရေကူးအားကစားအဖွဲ့သည် ယနေ့ မသန်စွမ်းရေကူးအားကစားနည်း အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူး (Men's 50 m Breast-stroke SB3) ပြိုင်ပွဲတွင် ဂျပန်၊ တောင်ကိုရီးယား၊ ကာဇက်စတန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ ညီညီလင်းထက်က ၅၉.၃၀ စက္ကန့် ဖြင့် မြန်မာနိုင်ငံအတွက် ဒုတိယမြောက် ကြေးတံဆိပ်ဆု ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူး ရယူပေးနိုင်ခဲ့သည်။

မြန်မာမသန်စွမ်း အားကစားအဖွဲ့အနေဖြင့် အောက်တိုဘာ ၂၁ ရက် ၁၈:၅၀ နာရီတွင် မသန်စွမ်း ပြေးခုန်ပစ် ပြိုင်ပွဲများအဖြစ် အမျိုးသားမီတာ ၁၀၀ ပြေးခုန်ပစ် ပြိုင်ပွဲ၌ မြန်မာအသင်းမှ စိုးပေကလည်းကောင်း၊ ၁၉:၅၈ နာရီတွင် အမျိုးသမီး မီတာ ၁၀၀ ပြေးခုန်ပစ်ပြိုင်ပွဲတွင် လော်လာဝင်း တို့ကလည်းကောင်း ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရေကူးအားကစားနည်းမှ ပြိုင်ပွဲယှဉ်ပြိုင် ရန်မရှိပါကြောင်းနှင့် အောက်တိုဘာ ၂၂ ရက်တွင် မြန်မာအသင်းမှ ညီညီလင်းထက်က အမျိုးသား မီတာ ၁၅၀ တစ်ဦးချင်း လေးမျိုးကူးနှင့် ၂၃ ရက်တွင် မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတို့ကို လည်းကောင်း အသီးသီးဆက်လက် ဝင်ရောက် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

လက်ဝှေ့အားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် လက်ဝှေ့ အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနမှကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ **"၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ"** ကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (၅)၊ (၆)၊ (၃၃.၅)၊ (၆၇)၊ (၇၁)ကီလိုတန်း ပြိုင်ပွဲများနှင့် အမျိုးသမီး (၅၄)၊ (၆၁)ကီလိုတန်း ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် **(၅၁)ကီလိုတန်းပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး အသင်းမှ ထက်နိုင်အောင်(အနီ)က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ လွင်မျိုးသန့်(အပြာ)ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ထက်မြတ်လွင်(အနီ)က ချင်းပြည်နယ်အသင်းမှ တမ်ဟာရိုန်း(အပြာ)ကိုလည်းကောင်း၊ **(၆၀)ကီလိုတန်းပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဇော်လင်းထွေး(အနီ)က မွန်ပြည်နယ်အသင်းမှ လင်းခန့်မောင်မောင်(အပြာ)ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်သူရ(အပြာ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ ဥက္ကလင်းအောင်(အနီ)ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ သီဟအောင်(အပြာ)က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ လာဗျက်ကျဲလ် (အနီ)ကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်ခန့်ဖြိုး(အပြာ)က ရခိုင်ပြည်နယ်အသင်းမှ အောင်ဝင်းခန့်(အနီ)ကိုလည်းကောင်း၊ **(၆၃.၅)ကီလိုတန်းပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မင်းကျော်ဇင်(အပြာ)က ချင်းပြည်နယ်အသင်းမှ စောကဆာမိုး(အနီ)ကို လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အေးကိုဇင်(အနီ)က ပဲခူးတိုင်းဒေသကြီးအသင်းမှ ဘုန်းမြင့်မောင်(အပြာ)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လုံဂျုံရိန်ကြွယ်နော်(အနီ)က ကချင်ပြည်နယ်အသင်းမှ ရှားလုံနော်ဆန့်(အပြာ)ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဟိန်းစိုးဦး(အပြာ)က ရခိုင်ပြည်နယ်အသင်းမှ ဒီပ(အနီ)ကို လည်းကောင်း၊ **အမျိုးသား (၆၇)ကီလိုတန်းပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဇင်မင်းကို(အပြာ)က မွန်ပြည်နယ်အသင်းမှ မင်းသွင်ဖြိုး(အနီ)ကို လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ယော်ဘောမဲ(အပြာ)က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရှိန်းထက်ကျော်(အနီ)ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ တန်ဖိုင်(အပြာ)က ချင်းပြည်နယ်အသင်းမှ အောင်ဇေမြတ်(အနီ)ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ အောင်မြင့်ထွန်း(အနီ)က ရခိုင်ပြည်နယ်အသင်းမှ အောင်ဖြိုးဝိုင်(အပြာ)ကိုလည်းကောင်း၊ **အမျိုးသား (၇၀)ကီလိုတန်းပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ စည်သူထက်(အပြာ)က ရခိုင်ပြည်နယ်အသင်းမှ ဝင်းလှိုင်ထွန်း(အနီ)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စချစ်လင်း ဇော်(အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ ဟန်ထက်အောင်(အပြာ)ကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ **အမျိုးသမီး (၅၄)ကီလိုတန်းပြိုင်ပွဲ**တွင် ကရင်ပြည်နယ်အသင်းမှ နန်းခင်နှင်း ထက်(အပြာ)က ရှမ်းပြည်နယ်အသင်းမှ ယုယုမေ(အနီ)ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ညောင်ရှမ်းဟွဲ့(အပြာ)က ပဲခူးတိုင်းဒေသကြီးအသင်းမှ သွယ်ဇင်ယွန်း(အနီ)ကို လည်းကောင်း၊ **(၆၃)ကီလိုတန်းပြိုင်ပွဲ**တွင် ကရင်ပြည်နယ်အသင်းမှ နန်းခင်မာဦး(အပြာ)က တနင်္သာရီတိုင်းဒေသကြီး အသင်းမှ သန္တာထွန်း(အနီ)ကို လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ဇင်မာဝေ(အပြာ)က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ချမ်းပြည့်စိုး(အနီ)ကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ **"၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ ပြိုင်ပွဲ"** အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက် ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေရှားပါးမှုပြဿနာများ လျော့နည်းစေရန် ရေလှောင်တမံများတွင် ကြိုတင်ပြင်ဆင်မှုများ ကွင်းဆင်းစစ်ဆေး



ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေရှားပါးမှု ပြဿနာများကို ကြိုတင် ကာကွယ်နိုင်ရန်နှင့် ရေလှောင်တမံများတွင် ရေသိုလှောင်ထားရှိမှုများကိုဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

သန်လျင် မြို့နယ်နှင့် ကျောက်တန်းမြို့နယ် တို့ရှိ ဘန့်ဘွေးကုန်းနှင့် ဇာမဏီအင်း ရေလှောင်တမံများတွင် ကန်ရေပြည့်ပမာဏထက်ပိုမို၍ ရေသိုလှောင်ထားရှိမှုများနှင့် တမံ၊ ရေထုတ်ပြွန်၊ ရေပိုလွှဲများ၏ ကြံ့ခိုင်ရေးများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရေလှောင် တမံများတွင် ရေပြည့်ဝစွာ သိုလှောင်ထားရှိခြင်းဖြင့် တောင်သူများအတွက် စိုက်ပျိုးရေ၊ ဒေသခံပြည်သူများအတွက် သောက်သုံးရေနှင့် စက်မှုလုပ်ငန်းသုံးရေများကို လုံလောက်စွာ ဆက်လက်ပေးဝေနိုင်မည်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး နွေရာသီကာလ ရေရှားပါးသည့်အချိန်များတွင် ဒေသခံပြည်သူများအတွက် သောက်သုံးရေနှင့် စက်မှုလုပ်ငန်းသုံးရေ ဖူလုံစွာပံ့ပိုးပေးနိုင်ရန် တမံများတွင် ဆည်ရေလုံလောက်စွာ သိုလှောင်ထားရှိကြောင်း သိရသည်။

စောရွှေဥန်း

သာယာဝတီမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ



သာယာဝတီ အောက်တိုဘာ ၂၀

ပဲခူး တိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းက ကြောင်ညာကုန်းကျေးရွာ ဘုန်တော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းတံတားနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက မွေးမြူရေးနှင့် ကုသရေးဆိုင်ရာများ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှူးက စိုက်ပျိုးရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

